# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရား မရနိုင်**

အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။ အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟု အယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် (ကျက်စားရာ) အာရုံရှိကြကုန်ရကား အနှစ်ရှိသောတရားကို မရနိုင်ကြကုန်။ **ယမကဝဂ်(ဓမ္မပဒ-၁၁)**


၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက် | ၂၀၂၀ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် ဩဂုတ် ၁၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ် ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယ ဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




မြန်မာ့အလင်း

# ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ကြဲလိုက်သည့် အဆိပ်အတောက်များ

မြန်မာနိုင်ငံတွင် အသုံးများသည့် လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့ခဲ့သည့် “ဘာမှမမျှော်လင့်ပါနဲ့ (Don't expect anything!)” အမည်ရှိ ရုပ်ရှင်ဇာတ်လမ်းရိုက်ကူးခဲ့သူနှင့် ပါဝင်သရုပ်ဆောင်သူများကို ဖမ်းဆီးလိုက်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဟု သိရသည်။ isi Dhamma Youtube Channel နှင့် Tiktok တို့တွင် လွှင့်တင်ခဲ့သည့် အဆိုပါရုပ်ရှင်ဇာတ်လမ်းသည် မြန်မာလူမျိုးသရုပ်ဆောင်များနှင့် မြန်မာစကားပြောဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက် ရည်ရွယ်ထားသည်မှာ ထင်ရှားသည်။

အဆိုပါ ဇာတ်လမ်း၏ ဇာတ်ညွှန်းရေးသားသူနှင့် ဒါရိုက်တာမှာ ဣသိဓမ္မဟူ၍ အမည်ခံထားသည့် အသက် ၅၂ နှစ်အရွယ် ဆွစ်ဇာလန်နိုင်ငံသား Didier Nusbaumer ဆိုသူဖြစ်ပြီး ၎င်း၏နောက်ခံအဖွဲ့အစည်းဖြစ်သည့် isi Dhamma ဆိုသည့် အဖွဲ့ကိုလည်း သေချာစွာလေ့လာဆန်းစစ်ရန်လိုမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်နှင့် စပ်လျဉ်း၍ ပြည်ပြေးမီဒီယာတစ်ခုက ဗုဒ္ဓ၏ဝိနည်းတော်များကို မလိုက်နာသော ဘုန်းကြီးများကို ဝေဖန်ထားသည့် ၎င်းဇာတ်လမ်းကို စတင်လွှင့်တင်ချိန်မှစ၍ လူပေါင်း ၄၂၀၀၀ ကျော် ကြည့်ရှုထားကြပြီး လူ ၁၀၀၀ ခန့်က ကြိုက်နှစ်သက်ကြောင်း ဖော်ပြခဲ့ကြသည်ဟု ဆိုသည်။ အဆိုပါဇာတ်လမ်းကို ဂရုစိုက်၍ ခွဲခြမ်းစိတ်ဖြာ ကြည့်ရှုမည်ဆိုပါက ဝိနည်းမလိုက်နာသည့် ဘုန်းကြီးများကို ဝေဖန်ခြင်းဖြစ်သည်ဆိုသည်မှာ အပေါ်ယံသာဖြစ်ပြီး သည်ထက်ပိုသည့် ရည်ရွယ်ချက်များပါရှိနေသည်ဟု ဆိုနိုင်သည့်အချက်များကို တွေ့မြင်နိုင်သည်။ ဇာတ်လမ်းထဲမှ ပြောစကားများ၊ အတွေးအခေါ်များ၊ နိမိတ်ပုံများ၊ ပြကွက်များက မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာတို့၏ ကိုးကွယ်ယုံကြည်မှုတို့ကို ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေခြင်းလည်းဖြစ်သည်။

ကမ္ဘာ့လူသားများ ယုံကြည်ကိုးကွယ်ကြသည့် ဘာသာ၊ သာသနာများအားလုံးတို့တွင် လောကုတ္တရာနယ်ပယ်မှ ပုထုဇဉ်ပုဂ္ဂိုလ်များအတွင်း အားနည်းချက်များ ဖြစ်ပေါ်လာလေ့ရှိကြသည်။ သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်အချို့တွင် ပုထုဇဉ်သဘာဝ ဖြစ်ပေါ်လာတတ်သည့် အမှားသည် ထိုပုဂ္ဂိုလ်၏ အမှားသာဖြစ်ပြီး ထိုသူနှင့်သာဆိုင်သည့် ကိစ္စလည်းဖြစ်သည်။ “ဘာမှမမျှော်လင့်ပါနဲ့” ဇာတ်လမ်းတွင် ပါဝင်နေသည့် ရင့်သီးသောစကားလုံးများ၊ ရိုင်းစိုင်းသော အမူအရာများနှင့် သိမ်းကျုံးကောက်ချက်ဆွဲ၍ ကြည့်ရှုသူကို ပေးလိုက်သည့်အချက်အလက်များက မြန်မာလူမျိုး ကလေးငယ်များ၊ ဘာသာရေးအသိသုတအားနည်းသူများဆီသို့ ဖြန့်ကြဲပေးလိုက်သည့် အဆိပ်အတောက်များ သက်သက်သာဖြစ်သည်။ ဘာသာ သာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို စေတနာသန့်သန့် မှန်မှန်ကန်ကန်နှင့် ယဉ်ကျေးသိမ်မွေ့စွာ ဆောင်ရွက်လိုသူများအဖို့ ဆရာကြီး ဦးသုခ ရေးသားရိုက်ကူးခဲ့သည့် “ရဟန်းစားရသော ဆွမ်းတစ်နပ်”၊ “ရဟန်းမစားရသော ဆွမ်းတစ်နပ်”၊ “တစ်ပါးသီလ” ကဲ့သို့သော ရုပ်သံဇာတ်လမ်းများကို အတုယူနိုင်သည်။ ဘာသာရေးဇာတ်လမ်းများပီပီ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက်လည်း စိတ်နှလုံးကို နူးညံ့သိမ်မွေ့စွာ ပြောင်းလဲသွားစေနိုင်သကဲ့သို့ အခြားဘာသာဝင်များက ကြည့်ရှုပါကလည်း ဗုဒ္ဓဘာသာအပေါ် နားလည်မှုရစေနိုင်သည့် ရုပ်သံဇာတ်လမ်းကောင်းများဖြစ်သည်။

သံဃာတော်ဟူသည် သိက္ခာကျင့်ဝတ်တို့ကို ကောင်းစွာကျင့်သောဂုဏ်၊ သိက္ခာကျင့်ဝတ်တို့ကို ဖြောင့်မတ်စွာကျင့်သောဂုဏ်၊ နိဗ္ဗာန်အကျိုးငှာ ကျင့်တော်မူသောဂုဏ်၊ အရိုအသေပြုထိုက်အောင် သိက္ခာတို့ကို ရိုသေထိုက်သောဂုဏ်၊ အဝေးမှဆောင်၍ လှူသော ပစ္စည်းတို့ကို ခံယူတော်မူထိုက်သောဂုဏ်၊ ချစ်ခင်နှစ်လိုအပ်သော ဧည့်သည်တို့အဖို့ စီရင်ထားသော မြတ်သောအလှူကို ခံတော်မူထိုက်သောဂုဏ်၊ တမလွန်ကို ယုံကြည်၍ ပေးအပ်သော မြတ်သောအလှူကို ခံတော်မူထိုက်သောဂုဏ်၊ ကောင်းမှုကို အလိုရှိသူတို့ လက်အုပ်ချီ၍ ရှိခိုးခြင်းငှာ ထိုက်တော်မူသောဂုဏ်၊ ကောင်းမှုမျိုးစေ့တို့ စိုက်ပျိုးရန် အကောင်းဆုံးလယ်ယာမြေသဖွယ်ဖြစ်သော ဂုဏ်ဟူသည့် (၉)ပါးသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြသူများဖြစ်သည်။ ဂန္ထဓူရနှင့် ဝိပဿနာဓူရဟူသည့် ဓူရနှစ်ဖြာကို သာသနာ့ဝန်အဖြစ် ထမ်းဆောင်ရင်း လောကတ္ထစရိယဟူသော လောက၏အကျိုးစီးပွား၊ ဉာတတ္ထစရိယဟူသော အမျိုးအနွယ် (တိုင်းပြည်နှင့်လူမျိုး) ၏ အကျိုးစီးပွား၊ ဗုဒ္ဓတ္ထစရိယဟူသော မိမိကိုယ်ကိုယ်ဖြည့်ကျင့်ခြင်းတို့ကို ဆောင်ကြဉ်းနေကြသူများလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာတို့ကိုးကွယ်ယုံကြည်မှုတို့ကို ထဲထဲဝင်ဝင်နားလည်ခြင်းမရှိသည့်အပြင် ရဟန်းသံဃာတော်တို့အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ဘာသာသာသနာညှိုးနွမ်းစေရန်ရည်ရွယ်၍ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ရိုင်းပျကြမ်းတမ်းစွာ သရုပ်ဆောင်မှုများကို မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့အတွက် မည်သို့သော စေတနာနှင့် ရိုက်ကူးထုတ်လွှင့်ခဲ့သနည်းဟူသော မေးခွန်းအတွက်အဖြေမှာ ပါဝါအပျော့နည်းလမ်းဖြင့် နိုင်ငံတစ်နိုင်ငံ၏စွမ်းအားကို အားနည်းချည့်နဲ့စေရန် ဘာသာသာသနာနှင့် ယဉ်ကျေးမှုမျက်နှာစာမှ တိုက်ခိုက်မှုတစ်ရပ်ဟုသာ ရှုမြင်ပါကြောင်း။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၉

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ မိုး/ဇလ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၇၆/၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်

(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

### ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ပြုံးပြုံးအေးအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပဲခူးမြို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ခဲ့သည့် ရပ်ကွက်၊ ဘုန်းတော်ကြီးကျောင်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်



ပဲခူး ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝန်ကြီးများ၊ နယ်မြေခံတပ်မှ တပ်မမှူးနှင့်အတူ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ပဲခူးမြို့အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ခဲ့သည့် ရပ်ကွက်/ ဘုန်းတော်ကြီးကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှု ကွင်းဆင်းကြည့်ရှုအားပေးသည်။ (ယာပုံ)

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ ကျောက်ကြီးစုရပ်ကွက်နှင့် မဇင်းရပ်ကွက်၊ အနောက်ရွှေနံ့သာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိခဲ့ပြီး တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများစုပေါင်း၍ သန့်ရှင်းရေးပြုလုပ်နေမှု၊ ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ပျက်စီးခဲ့သည့် လမ်း/တံတားများအခြေအနေ၊ ရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရန် ပြန်လည်ပြင်ဆင်ပေးရမည့် အခြေအနေများ၊ ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရပ်ကွက်အတွင်း လျှပ်စစ်မီးကြိုးများ ပြန်လည် သွယ်တန်းနေမှု၊ ကွန်ကရစ်ခတ်တိုင်များ ပြန်လည် အစားထိုးဆောင်ရွက်နေမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။ သန့်ရှင်းရေးပြုလုပ်နေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများအား စေတနာရှင်များက သာဂူတိုက်ကျွေးသည်။

**ဝယ်ယူစားသုံးနိုင်ရေး**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူး တိုင်းဒေသကြီးရှိ ဒေသခံပြည်သူများ သက်သာသော နှုန်းထားဖြင့် ဝယ်ယူ စားသုံးနိုင်ရေး ကိုယ်တိုင် စိုက်ပျိုး၊ မွေးမြူသူများ၊ ထုတ်လုပ်သူများက တိုက်ရိုက် အရောင်းဆိုင် ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ဇွန် ၁၇ ရက်မှစ၍ နေ့စဉ် ဒေသထွက် ဆန်၊ ဆီ၊ ငါး၊ ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သားနှင့် ဟင်းသီးဟင်းရွက်များကို ဒေသခံပြည်သူများ သက်သာသောနှုန်းထားဖြင့် ကိုယ်တိုင်စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်သူများက တိုက်ရိုက်ရောင်းချပေးခြင်း ဖြစ်ကာ ပြင်ပဈေးနှုန်းထက် များစွာ လျှော့နည်းသဖြင့် ဈေးဝယ်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သက်ဖြိုးကြိုင်(မြန်/ဆက်)

## လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် လူငယ်စကားဝိုင်းကျင်းပ

လယ်ဝေး ဩဂုတ် ၁၉

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် သပြေပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ယမန်နေ့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ကျင်းပသည်။ (အောက်ပုံ)



ဦးစွာ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ဝေကြည်စန်းအောင်က စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး အ.ထ.က(သပြေပင်) Grade – 11 မှ မောင်မင်းသန့်ကိုကိုက လူငယ်နှင့်ကျန်းမာရေး၊ မနန်းချစ်ချစ်မိုးက လူငယ်နှင့်စာဖတ်ခြင်း၊ Grade–10 မှ မောင်အောင်ဘုန်းမြတ်က လူငယ်နှင့်စာရိတ္တ၊ မငွေနှင်းဖွေးက လူငယ်နှင့်ယဉ်ကျေးမှု စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ ထို့နောက် ကျောင်းသားကျောင်းသူလေးများက သိလိုသည်များကို မေးမြန်းရာ ပြန်လည်ဖြေကြားပေးခဲ့သည်။ ယင်းနောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဝေကြည်(မြန်/ဆက်)




ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❖ **မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်၊ ဆင်းတုတော်ကြီးကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အနုပညာလက်ရာများကိုလည်း အမြင့်ဆုံး၊ အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ခဲ့**

❖ **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် သာသနိကအဆောက်အဦများ၊ ရင်ပြင်တော်များနှင့် ဘုရားပရိဝုဏ်တော်ကြီးတစ်ခုလုံးအား စကျင်ကျောက်ပြားများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၊ ၎င်းကဲ့သို့ ကြီးကျယ်ခမ်းနားဗိသုကာလက်ရာမြောက်စွာတည်ဆောက်ခဲ့မှုသည် အခြားမည်သည့်နေရာတွင်မျှ မရှိနိုင်**

❑ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နေပြည်တော်သည် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်ပြီး အုပ်ချုပ်ရေး၏ဗဟိုချက်ဖြစ်သဖြင့် နေပြည်တော် တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကို နိုင်ငံ၏ မြို့တော်ပီသအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ ဘုရားကြီးတည်ထားကိုးကွယ်ရာတွင် ခမ်းခမ်းနားနားနှင့် အကောင်းဆုံးဖြစ်စေရန် ကြိုတင်မျှော်တွေးပြီး စဉ်းစားဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားတည်ထားရန် မြေနေရာရွေးချယ်ဆောင်ရွက်မှုများကိုလည်း တစ်ပါတည်း လှူဒါန်းသည့်မြေပေါ်တွင် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်မူလ အလှူရှင်မှလှူဒါန်းထားသည့် ကျောက်တုံးတော်ကြီးကို ဆင်းတုတော်ထုဆစ်နိုင်ရေး အကောင်းဆုံးကျောက်သားရရှိမှုကို တွက်ချက်ခဲ့ပြီး ဉာဏ်တော် ၆၃ ပေရှိသည့် ဆင်းတုတော်ကြီးထုဆစ်နိုင်ရန် လိုအပ်သည့် ကျောက်တုံးတော်ရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ဂန္ဓကုဋိတိုက်များနှင့် သုဓမ္မာဇရပ်များကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ကျောက်တုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာ ဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ သြဝါဒစရိယဆရာတော်ကြီးများ၏ သြဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့ကြောင်း။

**အဆင်ပြေချောမွေ့စွာအောင်မြင်ပြီးစီး**

မာရဝိဇယ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ချိန်တွင် အခက်အခဲအချို့ ကြုံတွေ့ခဲ့ရသော်လည်း လုပ်ငန်းများအဆင်ပြေချောမွေ့စွာဖြင့်အောင်မြင်ပြီးစီးခဲ့ကြောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်သည့်နေ့တွင် ရုပ်ပွားတော် တည်ဆောက်ရေးအတွက် ရရှိသည့်လှူဒါန်းငွေအစုစုကို စာရင်းပိတ်၍ ရေစက်ချလှူဒါန်းပြီးဖြစ်ကြောင်း၊ မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ကြောင်း၊ ဆင်းတုတော်ကြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အနုပညာလက်ရာများကိုလည်း အမြင့်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် သာသနိကအဆောက်အဦများ၊ ရင်ပြင်တော်များနှင့် ဘုရားပရိဝုဏ်တော်ကြီးတစ်ခုလုံးအား စကျင်ကျောက်ပြားများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကဲ့သို့ ကြီးကျယ်ခမ်းနား ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ခဲ့မှုသည် အခြားမည်သည့်နေရာတွင်မျှ မရှိနိုင်ကြောင်း၊ စကျင်ကျောက်တော်ကြီးပေါ်ထွန်းလာနိုင်မှု၊ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်မှုနှင့် ကာလဒေသတို့အရလည်း ၎င်းကဲ့သို့ ထပ်မံတည်ဆောက်ရန် မဖြစ်နိုင်ကြောင်း၊ စကျင်ကျောက်ဆိုသည်မှာ မြန်မာ့ထုံးတမ်းစဉ်လာအရ ရတနာတန်းဝင် အဖိုးတန်ကျောက်ဖြစ်ပြီး လာရောက်ဖူးမြော်သူများအနေဖြင့် ငြိမ်းချမ်းမှု၊ အေးမြမှု၊ ဂုဏ်ကျက်သရေရှိမှု စသောဂုဏ်သတ္တိများကို ရရှိနိုင်ကြောင်း၊ ထို့ကြောင့် ပျက်စီးမှုများမရှိစေရေး စနစ်တကျဖြင့် အသေးအဖွဲမှအစ အလေးထား ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စကျင်ကျောက်များဖြင့် ထုဆစ်ထားခြင်းဖြစ်သဖြင့် အမြဲသန့်ရှင်းမှုများရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် လိုအပ်နိုင်မည့်ပစ္စည်းများကိုလည်း အရန်ထားရှိ၍ လိုအပ်သည့်အချိန်တွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်နိုင်ရန်လိုကြောင်း။

**ကြိုတင်တွက်ချက်စဉ်းစားထားရန်လို**

ထိန်းသိမ်းမှုများဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ကြိုတင်တွက်ချက် စဉ်းစားထားရန်လိုကြောင်း၊ လုံခြုံရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးများ အသုံးပြုခြင်းများအတွက် ဝန်ထမ်းများခန့်ထားရန်လိုကြောင်း၊ ယင်းတို့အတွက် ကုန်ကျစရိတ်များ စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ဆက်လက်လုပ်ဆောင်ရန်လုပ်ငန်းများလည်း ကျန်ရှိသကဲ့သို့ လိုအပ်သည့်ယာဉ်ယန္တရားအပိုပစ္စည်းများ ဖြည့်တင်းရန်လည်း လိုအပ်ကြောင်း၊ အချို့နိုင်ငံများရှိ ဘုရားများ၌လည်း ဝင်ကြေးများပေးဆောင်၍ ဝင်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သာမန်ပြည်သူများဖူးမြော်နိုင်သည့် သတ်မှတ်နှုန်းထားများကိုသာ သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်း၊ ဘုရားကြီး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂေါပကအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်ရန်လိုကြောင်း၊ ဂေါပကအဖွဲ့ ဖွဲ့စည်းရာတွင်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်အပ်နိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

**စနစ်တကျထိန်းသိမ်းဆောင်ရွက်**

ဘုရားကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် အမြဲစိမ်းလန်းစိုပြည်နေစေရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ စိုက်ပျိုးထားသည့် မဟာဗောဓိညောင်ပင်အပါအဝင် အခြားသစ်ပင်များ အမြဲရှင်သန်ဖြစ်ထွန်းနေစေရေး ဆောင်ရွက်နေရန်လိုကြောင်း၊ သာသနိကအဆောက်အဦများထိန်းသိမ်းပြင်ဆင်ဆောင်ရွက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လုပ်ငန်းများအားလုံးကို စနစ်တကျဖြင့် စဉ်းစားစီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးရန်လည်းလိုကြောင်း၊ ထို့ကြောင့် ကမ္ဘာ့အထင်ကရဖြစ်သည့် မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နိုင်မည့်အခြေအနေများကို ဆွေးနွေးတင်ပြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး

*စာမျက်နှာ ၄ သို့*

✻ **စကျင်ကျောက်တော်ကြီးပေါ်ထွန်းလာနိုင်မှု၊ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်မှုနှင့် ကာလဒေသတို့အရလည်း ၎င်းကဲ့သို့ ထပ်မံတည်ဆောက်ရန်မဖြစ်နိုင်၊ စကျင်ကျောက်ဆိုသည်မှာ မြန်မာ့ထုံးတမ်းစဉ်လာအရ ရတနာတန်းဝင် အဖိုးတန်ကျောက်ဖြစ်ပြီး လာရောက်ဖူးမြော်သူများအနေဖြင့် ငြိမ်းချမ်းမှု၊ အေးမြမှု၊ ဂုဏ်ကျက်သရေရှိမှု စသောဂုဏ်သတ္တိများကို ရရှိနိုင်၊ ထို့ကြောင့် ပျက်စီးမှုများမရှိစေရေး စနစ်တကျဖြင့် အသေးအဖွဲမှအစ အလေးထား ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို**

*စာမျက်နှာ ၃ မှ*

နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပ၊ တန်ခိုးတော်ကြီးမားကမ္ဘာတည်သရွေ့ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့နေစေရန်နှင့် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွားစည်ပင် တိုင်းပြည်အေးချမ်းသာယာ တိုးတက်စည်ကားစေရန်ရည်ရွယ်လျက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ စီမံခန့်ခွဲခြင်းဆိုင်ရာလုပ်ငန်းများအား စနစ်တကျဆောင်ရွက်နိုင်ရန် ဖွဲ့စည်းစီမံဆောင်ရွက်ခြင်းဆိုင်ရာများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ၊ ဝန်ထမ်း၊ ကျောင်းသားကျောင်းသူများ နေ့အလိုက် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိမှုနှင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ လှူဒါန်းလျက်ရှိမှု၊ E-Ticket ဝင်ခွင့်လက်မှတ်ဖြင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ငွေကြေးကောက်ခံရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ရဟန်း၊ သံဃာ၊ သီလရှင်များ၊ ကျောင်းအစီအစဉ်ဖြင့်လာရောက်သည့် ကျောင်းသား ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်နှင့်ဝန်ထမ်းများအား ဝန်ထမ်းကဒ်ဖြင့် ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံရန် ဆောင်ရွက်ထားရှိမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ ကျောက်စာရုံဘုရားစေတီများအပါအဝင် တန်ဖိုးမဖြတ်နိုင်လောက်သည့် သာသနိကအဆောက်အဦများ နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပ ကမ္ဘာတည်သရွေ့ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့စေရေး၊ တိုးတက်စည်ပင်အောင် ဆောင်ရွက်နိုင်ရေးနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓသန္တကပစ္စည်းများကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ဦးဆောင်မှုပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့၊ ထိန်းသိမ်းစောင့်ရှောက်ရေး ဦးစီးကော်မတီ၊ ဂေါပကအဖွဲ့၊ ဂေါပကအကြံပေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ လုံခြုံရေးဆိုင်ရာများနှင့် ဘုရားကြီး ဝေယျာဝစ္စနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂေါပကအဖွဲ့များဖွဲ့စည်းခြင်း၊ ကဏ္ဍများအလိုက် လိုအပ်သည့်ဌာနများ ဖွဲ့စည်းရန်လျာထားမှုများကိုလည်းကောင်း၊

**“ ဘုရားကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် အမြဲစိမ်းလန်းစိုပြည်နေစေရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နေရန်လို၊ စိုက်ပျိုးထားသည့် မဟာဗောဓိညောင်ပင်အပါအဝင် အခြားသစ်ပင်များ အမြဲရှင်သန်ဖြစ်ထွန်းနေစေရေးဆောင်ရွက်နေရန်လို၊ သာသနိကအဆောက်အဦများ ထိန်းသိမ်းပြင်ဆင်ဆောင်ရွက်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လို ”**

ဗိုလ်မှူးချုပ်ဇော်နိုင်ဦးက ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများအား Drone ဖြင့် 360 ဒီဂရီဗီဒီယိုမှတ်တမ်းရိုက်ကူးထားရှိမှု၊ ရဟန္တာကျောင်းဆောင်တော်နှစ်ဆောင် ဆောက်လုပ်ရန် လျာထားဆောင်ရွက်နေမှု၊ ဂန္ဓကုဋိတိုက်အပြင်ဘက်တွင် အင်္ဂတေစိန်တောင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အာရုံခံတန်ဆောင်း နှစ်ဆောင်တည်ဆောက်နေမှု၊ လက်ဆေးဘေစင်များ တပ်ဆင်ပြီးစီးမှု၊ မော်ကွန်းတိုက်အတွင်းပစ္စည်းများ ထည့်သွင်းပြသထားရှိမှု၊ ဆွမ်းစားဆောင်တည်ဆောက်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင်စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မုခ်ဦးများ၌ လက်မှတ်အရောင်းဌာနများ တည်ဆောက်ရန် လျာထားမှု၊ ရေပန်းဝိုင်းအလှူရှင်ကမ္ပည်းများ တပ်ဆင်ရန်လျာထားမှု၊ ပန်းအလှပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးနေသည့်အခြေအနေများ၊ ဘုရားဖူးလာပြည်သူများအဆင်ပြေစေရေးအတွက် သန့်ရှင်းရေးနှင့် စောင့်ကြည့်ဝန်ထမ်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ဘုရားကြီးသန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျဖြင့်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီး ဦးမျိုးသန့်က အမြန်လမ်းမှဘုရားကြီးသို့ အဝင်လမ်းဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဂိတ်၊ စစ်ဆေးရေးဂိတ်များ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက မြတ်မင်္ဂလာလမ်း အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက နည်းပညာမှတ်တမ်းစာအုပ်နှင့် ဒီဇိုင်းပိုင်းဆိုင်ရာမှတ်တမ်းစာအုပ်များ ပြုစုဆောင်ရွက်ထားရှိမှု၊ ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်သွားရမည့်အချက်များနှင့် နည်းလမ်းများ ပြုစုဆောင်ရွက်ထားရှိမှုတို့ကိုလည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက မာရဝိဇယဘုရားကြီး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့ ဖွဲ့စည်းခြင်းကိုလည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းက လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။ *စာမျက်နှာ ၅ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း ဖူးမြော်ကြည်ညိုစဉ်။

*စာမျက်နှာ ၄ မှ*

ရှင်းလင်းတင်ပြမှုများအပေါ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးအတွင်းသို့ စည်းကမ်းမဲ့ဝင်ရောက်မှုများမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများ သွားလာမှုအဆင်ပြေစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှု သက်သာစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှုကို လျှော့ချပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်မီးများကိုလည်း တပ်ဆင်ပေးထားကြောင်း၊ သောက်သုံးရေများလည်း စဉ်ဆက်မပြတ်ရရှိအောင် စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ ဘုရားကြီးပတ်ဝန်းကျင်စိမ်းလန်း သာယာစိုပြည်စေရေးအတွက် စိုက်ပျိုးထားသည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်နှင့် မြက်ဖြတ်ခြင်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ ဘုရားဖူးကားများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ကျောင်းသား ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အလှူငွေလက်ခံကောင်တာမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

- **ဘုရားဖူးကားများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လို၊ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ကျောင်းသား ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများကိုလည်း ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပေးသွားမည်ဖြစ်**
- **ဘုရားကြီးတည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်သည့်ငွေကြေးများရရှိရေး စက်တင်ဘာ ၃ ရက်နောက်ပိုင်းတွင် ဝင်ကြေးငွေကောက်ခံသွားမည်**

လည်း ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီးတည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည့် လုပ်ငန်းများဆောင်ရွက်နိုင်ရန် လိုအပ်သည့်ငွေကြေးများရရှိရေး စက်တင်ဘာ ၃ ရက် နောက်ပိုင်းတွင် ဝင်ကြေးငွေကောက်ခံသွားမည်ဖြစ်ကြောင်း၊ ရရှိသည့် အခြေအနေအပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားပြီး အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ကြီးတွင် လည်းကောင်း၊ ဂန္ဓကုဋိတိုက်များတွင်လည်းကောင်း၊ စိုက်ပျိုးထားသည့် မဟာဗောဓိညောင်ပင် ပရိဝုဏ်အတွင်းတွင် လည်းကောင်း၊ ရေပန်းရင်ပြင်တွင် လည်းကောင်း၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီးအတွင်း လည်းကောင်း လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားဖူးလာပြည်သူများကို ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်သည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ဩဂုတ် ၈ ရက် မှစတင်၍ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ပေးခဲ့ကာ နေ့စဉ်နိုင်ငံတစ်ဝန်းမှ ရဟန်းရှင်လူပြည်သူဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တောင်ကြီးတက္ကသိုလ်၌ စီးပွားရေးပညာနှင့် သဘာဝပတ်ဝန်းကျင်ပညာ ဘာသာရပ်နှစ်ခု စတင်တိုးချဲ့ဖွင့်လှစ်

**တောင်ကြီး ဩဂုတ် ၁၉**

(၃၁)ကြိမ်မြောက် တောင်ကြီးတက္ကသိုလ် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာပြပွဲကို ဩဂုတ် ၁၇ ရက်က တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက တောင်ကြီးတက္ကသိုလ်အနေဖြင့် ဒီဂရီကောလိပ်အဆင့်မှ တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ရောက်ရှိခဲ့သည့် ၁၉၉၂ ခုနှစ် မှ ယနေ့အထိ ၃၁ နှစ်တာ ကာလအတွင်း ဘွဲ့နှင်းသဘင်ကို (၂၈) ကြိမ် ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူ ၂၉၄၅၀ အား ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့များ ပေးအပ်နိုင်ခဲ့ကြောင်း၊ တက္ကသိုလ်သက်တမ်း ၃၁ နှစ် ပြည့်ပြီဖြစ်သည့် တောင်ကြီးတက္ကသိုလ်အနေဖြင့် တက္ကသိုလ်၏ အဓိကလုပ်ငန်းဖြစ်သော သင်ကြားမှု၊ သင်ယူမှုကဏ္ဍတွင် ပထမနှစ်မှ ပါရဂူဘွဲ့အကြို သင်တန်းအထိ နေ့သင်တန်း၊ ကျောင်းသားကျောင်းသူ ၅၂၆၁ ဦး၊ အဝေးသင်သင်တန်းကျောင်းသားကျောင်းသူ ၁၉၀၇၈ ဦး စုစုပေါင်း ၂၄၃၃၉ ဦးတို့အား ဆရာ ဆရာမ ၃၁၅ ဦးက သင်ကြားပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ယခု ၃၁ နှစ်ပြည့်နေ့၏ ပညာသင်နှစ်မှစပြီး စီးပွားရေးပညာအထူးပြုဘာသာရပ်၊ သဘာဝပတ်ဝန်းကျင်ပညာ အထူးပြုဘာသာရပ်တို့ကို စတင်တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုနိုင်ကြောင်း၊ တောင်ကြီးတက္ကသိုလ်အနေဖြင့် ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက် ထောက်အကူပြုနိုင်ရန်၊ အသေးစား၊ အလတ်စားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများကို ပိုမိုထိရောက်အောင် စွမ်းဆောင်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာပြခန်းများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်



ဦးသန်းဦးလွင်၊ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာကေသီတင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပါမောက္ခ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဘာသာရပ်ဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။ **(အပေါ်ပုံ)** **မောင်မောင်သန်း(တောင်ကြီး)**

# မာရ်အပေါင်းတို့ကို အောင်တော်မူ

သိင်္ဃသူ

မာရဝိဇယဟု ဘွဲ့တော်ရသည့် ကမ္ဘာ့အကြီးဆုံးထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်တော်မူရာ ဗုဒ္ဓဥယျာဉ်တော်သို့ ညွတ်တွားကော်ရော် ဖူးမြော်တစ်ခေါက် ရောက်ခဲ့ရသည်။ မိမိကဲ့သို့ပင် ရှင်တော်မြတ်ဘုရား၏ အေးရိပ်ဆာယာအောက်သို့ ရောက်ရှိလာကြသူ ရဟန်းရှင်လူ ပြည်သူခပင်းတို့၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာ မြင်ကြားသိသမျှ အလုံးစုံတို့မှာ မကောင်းမှုအကုသလတို့ ကင်း၍ ကောင်းမှုကုသိုလ်နှင့် ယှဉ်သော ဝမ်းမြောက်ပီတိတို့ ဖြစ်ပေါ်နေသည့် အသွင် သဏ္ဌာန်တို့ကသာ လွှမ်းခြုံလျက်ရှိသည်။ တစ်ဖန် ငြိမ်သက်အေးချမ်းခြင်းဟူသော သန္တိရသနှင့်အတူ ဖြစ်ပေါ်နေသည့် အံ့သြခြင်းဟူသော အဗ္ဘုတရသကိုလည်း ခံစားရပြန်လေသည်။

## အချိန်တိုကာလအတွင်း တည်ဆောက်နိုင်ခဲ့

အဗ္ဘုတရသဟု ဆိုရာတွင် ဤမျှကြီးမားတင့်တယ် သပ္ပာယ်လှစွာသော သန့်ရှင်းကြည်လင် ပကတိဖြူစင်သည့် ကျောက်သေလာ ဆင်းတုတော်ကြီးအား၊ ဤမျှသာယာလှပသော စိတ်နှလုံးချမ်းမြေ့ဖွယ် သာသနာ့မြေပြင် ဗုဒ္ဓဥယျာဉ်တော်ထက်၌၊ ဤသို့လျှင်ပွင့်ထွန်းပေါ်ပေါက်လာရန် စွမ်းဆောင်စေနိုင်ခဲ့ကြသည့် ဆန္ဒ၊ ဝီရိယ၊ ဝီမံသ၊ စိတ္တ တည်းဟူသော အဓိပတိတရား လေးပါးတို့ကို ဦးစွာပထမ အံ့သြမိခဲ့ရခြင်းဖြစ်သည်။ မူလဘူတ စကျင်တောင်တော်တွင် တည်ရှိနေခဲ့သည့် ဧရာမကြီးမားလေးလံလှစွာသော ကျောက်တုံးတော်ကြီးကို အထိအခိုက်မရှိ ကောင်းစွာ တူးဖော်ထုတ်ယူနိုင်ခဲ့သည်မှစ၍ တူးမြောင်းဖောက်ကာ ရေကြောင်း၊ ကုန်းကြောင်းတို့မှတစ်ဆင့် အစိတ်အပိုင်းများခွဲလျက် နေပြည်တော်သို့ သယ်ယူခဲ့ရခြင်းတွင်ပင် ကမ္ဘာ့အဆင့်မှတ်တမ်းဝင်ခဲ့သည်။ ထိုမှဆက်လက်၍ စကျင်ကျောက်သား ဆင်းတုတော်ကြီးအား ခေတ်မီနည်းပညာ စက်ယန္တရားများနှင့် ထုလုပ်ပူဇော်ခြင်း၊ တစ်ပြိုင်တည်းမှာပင် ပိဋကတ်သုံးပုံ၊ အဋ္ဌကထာ၊ ဋီကာကျောက်စာများနှင့် ကျောက်စာရုံစေတီများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးနှင့် ဂန္ဓကုဋိတိုက်တော်များ၊ မုစလိန္ဒကန်နှင့် သုဓမ္မာဇရပ်များအပါအဝင် ကုန်းဘောင်ခေတ်နှောင်းပိုင်းကာလ မြန်မာမှုအနုပညာလက်ရာများဖြင့် တန်ဆာဆင်အပ်သော သာသနိက အဆောက်အအုံများ၊ စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ ဥယျာဉ်တို့၏ အဆင်တန်ဆာအဖြစ် စိမ်းလန်းသော မြက်ခင်းများနှင့် သစ်ပင်ပန်းမန် ရေပန်းရေကန်များကိုပါ တစ်ချိန်တည်း တစ်ပြိုင်တည်း အချိန်တိုကာလအတွင်းမှာပင် ဗိသုကာလက်ရာမြောက် ခမ်းနားတင့်တယ်လှပစွာ ပြီးပြည့်စုံအောင် တည်ဆောက်နိုင်ခဲ့ခြင်းကလည်း နောက်ထပ် အံ့သြဖွယ်တစ်ခု ဖြစ်သည်။

"အတူဖြစ်ပြန်၊ ရုပ်နှင့်နာမ်ကို၊ ဧကန်လွှမ်းမိုး၊ ကြီးစိုးနိုင်ဘိ၊ အဓိပတိတရား" ဟူသည်နှင့်အညီ ဆန္ဒ၊ ဝီရိယ၊ ဝီမံသ ဆိုသည့် စေတသိက် သုံးမျိုးနှင့် စိတ္တ ဆိုသည့် စိတ်တို့က ဆိုင်ရာနာမ်တရားတို့အား လည်းကောင်း၊ ထိုနာမ်တရားတို့ကြောင့် ဖြစ်ပေါ်လာသည့် ရုပ်တရားတို့အား လည်းကောင်း လွှမ်းမိုးကြီးစိုးသော သတ္တိဖြင့် ကျေးဇူးပြုတတ်သည်ဟူ၍ ပဋ္ဌာန်းတရားတော်၌ ဆိုထားသည်။ တစ်စုံတစ်ရာကို ပြုလုပ်လိုခြင်းဟူသည့် ဆန္ဒ၊ ကြိုးပမ်းအားထုတ်ခြင်းဟူသည့် ဝီရိယ၊ တွေးခေါ်မြော်မြင် ဆင်ခြင်ဆုံးဖြတ်နိုင်သည့် ပညာဟူသည့် ဝီမံသ၊ အဆိုပါ ဆန္ဒ၊ ဝီရိယ၊ ဝီမံသဟူသော စေတသိက်တို့ကို လွှမ်းမိုးချုပ်ကိုင် ခိုင်မာသောစိတ်ဟူသည့် စိတ္တတို့က အခေါင်အထွတ်တွင် အဓိပတိတင်၍ လွှမ်းမိုးလိုက်သည့်အခါ မဖြစ်နိုင်သောအရာဟူသည် လောကတွင် မရှိတော့။

ဆန္ဒဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ၊
ဝီရိယဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ၊
စိတ္တဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ၊
ပညာဝတော ကိံ နာမကမ္မံ န သိဇ္ဈတိ

ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်နှင့်အညီ ဆန္ဒပြင်းပြသူ၊ ဝီရိယကြီးမားသူ၊ စိတ်အားထက်သန်သူ၊ ပညာပြည့်ဝသူတို့အဖို့ တန်ခိုးဣဒ္ဓိပါဒ်တို့ ရရှိထားသည့်နှယ် အရာရာကို အောင်မြင်ပြီးမြောက်စေနိုင်သည်ဟူသည့် သာဓကကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်အံ့သြမိပြန်သည်။

## သင်ခန်းစာနှင့် သတိသံဝေဂတို့ကို မင်းကွန်း "ကြီးလေးကြီး"က ထားရစ်ခဲ့

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း ကုန်းဘောင်ခေတ် မြန်မာမှုအနုပညာ ဗိသုကာလက်ရာများကို ကြည့်မြင်ခံစားခြင်းနှင့်အတူ ကုန်းဘောင်ခေတ်သမိုင်းတွင် ထင်ရှားခဲ့သည့် ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက် အေဒီ ၁၇၉၀ တွင် တည်ထားခဲ့သည့် မင်းကွန်းပုထိုးတော်ကြီး၊ ခေါင်းလောင်းတော်ကြီး၊ ရေကန်တော်ကြီးနှင့် ခြင်္သေ့ကြီးများဟူသော "ကြီးလေးကြီး" တို့ကို အမှတ်ရမိသည်။ မင်းဝံတောင်ရိုးကို ကျော်လွန်ကာ ရွှေဘိုမြို့တော်မှပင် လှမ်း၍ ဖူးမြော်နိုင်စေရန် ဉာဏ်တော် ၄၉၉ ပေ အမြင့်ဆောင်သည့် ပုထိုးတော်ကြီးကို ဘုရင်ကိုယ်တိုင် အနီးကပ်ကြီးကြပ်၍ တည်ထားခဲ့သော်လည်း ငွေကုန်လူပန်း အကြောင်းအမျိုးမျိုးတို့ကြောင့် အပြီးမသတ်ခဲ့ဟု သမိုင်းက ဆိုသည်။ အကယ်၍သာ ဤပုထိုးတော်ကြီး တည်ထားမှု ပြီးစီးနိုင်ခဲ့လျှင် ကမ္ဘာတွင် အကြီးဆုံးဟု မှတ်တမ်းဝင်မည်။ ပုထိုးတော်ကြီး တည်ထားခြင်းနှင့်အတူ သွန်းလုပ်ခဲ့သည့် အလေးချိန် ၅၅၅၅၅ ပိဿာ (၉၀ ဒသမ ၅၂ တန်)ရှိ ကြေးခေါင်းလောင်းကြီးမှာမူ အသံထွက်နိုင်သည့် ခေါင်းလောင်းများအနက် ကမ္ဘာတွင် အကြီးဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပြီး ဧရာဝတီမြစ်ထဲသို့ တစ်ပိုင်းတစ်စ ပြိုကျသွားခဲ့ပြီဖြစ်သည့် ခြင်္သေ့ကြီး၊ ကြက်ထောင့် ရေကန်တော်ကြီးတို့နှင့်အတူ အတိတ်သမိုင်း၏ ပုံရိပ်များအဖြစ် ကြွင်းကျန်ရစ်ခဲ့သည်။ မိမိအနေဖြင့်မူ ကြီးမားသည့် အရေးကိစ္စများ အောင်မြင်ပြီးမြောက်နိုင်ရန် အထောက်အပံ့ကောင်း အကြောင်းပစ္စယအလုံးစုံတို့ ပြည့်စုံရန်လိုအပ်သည်ဟူသော သင်ခန်းစာနှင့် သတိသံဝေဂတို့ကိုလည်း နောင်းလူတို့အတွက် မင်းကွန်း "ကြီးလေးကြီး"က ထားရစ်ခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်မိသည်။

## မေတ္တာတော်စွမ်းပကားဖြင့် ပယ်ရှားအောင်မြင်တော်မူ

"တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ပျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံ၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေပရမေ၊ ပလ္လင်ဘွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မဦးကြည်ဖြူ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဖော်လူတို့၊ ငြိမ်းပါကို" ဆိုသည့် လယ်တီဆရာတော်ဘုရားကြီး၏ ခုနစ်နေ့ ဘုရားရှိခိုးလင်္ကာတစ်ပိုဒ်သည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်သည့်အခိုက် ရင်မှာရိုက်ခတ်လာခဲ့သည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် နေမဝင်မီ ဘုရားအလောင်းတော်သည် မာရ်နတ်ကို အောင်တော်မူပြီးနောက် ညဦးယံ၌ ရှေးဘဝများကို ပြန်လည်အောက်မေ့ သတိရနိုင်သည့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ သန်းခေါင်ယံ၌ တစ်လောကလုံးရှိ သတ္တဝါအပေါင်းကို တွေ့မြင်နိုင်သည့် ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ ကိလေသာဟူသမျှကို အကြွင်းမရှိ ပယ်သတ်နိုင်သည့် အာသဝက္ခယဉာဏ်၊ အရဟတ္တမဂ်ဉာဏ်တက်သည်နှင့်တစ်ပြိုင်နက် လောက၌ရှိသမျှ တရားအလုံးစုံတို့ကို ကိုယ်တော်တိုင် သိတော်မူသည့် သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ခြင်းဖြစ်သည်။ ဘုရားအလောင်းတော်သည် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်ဝယ် စံတော်မူ၍ မာရ်နတ်နှင့်တကွ ၎င်း၏ တစ်ခဲနက် များပြားလှစွာသော မာရ်နတ်စစ်သည်များက ကြောက်မက်ဖွယ်ရာ

စာမျက်နှာ ၇ သို့




မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက်သွန်းတော်မူကြစဉ်။ (၁-၈-၂၀၂၃ ရက်)

❁ **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်သည့် မျက်မှောက်ကာလတွင် မည်သည့်အချိန်အခါနှင့်မျှမတူ နိုင်ငံနှင့်လူမျိုးကိုရော၊ ဘာသာသာသနာကိုပါ အဘက်ဘက်မှ တစ်ပြိုင်တည်း မာရ်နတ်စစ်သည်များသဖွယ် အုံကျင်းဖွဲ့တိုက်ခိုက်မှုများကို ကြုံတွေ့နေရသည်။ လောဘ ဒေါသ မောဟ တည်းဟူသော ကိလေသာမီးတို့ အလျှံညီးညီးတောက်လောင်နေသူတို့က နိုင်ငံနှင့်လူမျိုး ပျက်စီးရာပျက်စီးကြောင်း အားထုတ်ကြိုးပမ်း ဖျက်ဆီးနေကြရုံမျှမက ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ကိုပါ ပြစ်တင်ကြိမ်းမောင်း ခြိမ်းခြောက်ဆဲရေး ပုတ်ခတ်ကျူးလွန်နေကြသည်။ ဤသို့သော အခြေအနေအချိန်အခါတွင် မာရ်ငါးပါးကို အောင်မြင်တော်မူခြင်းဟု အနက်အဓိပ္ပာယ်ဆောင်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာခဲ့သည်မှာ အပူကိုငြိမ်းစေသည့် အအေးဓာတ်တို့ လောကတစ်ခွင်ကို ဖြန့်ကြက်အေးချမ်းစေသကဲ့သို့ ရန်မြူခပင်း အမိုက်သင်းတို့ကို အရှင်းပယ်ဖျောက်ကာ ချမ်းသာခြင်းကို ဆောင်ကြဉ်းပေးမည်ဟု ယုံကြည်ကြသည့်အလျောက် သဒ္ဓါကြည်ဖြူကုသိုလ်ယူလိုကြသူ ရဟန်းရှင်လူပြည်သူအပေါင်းက နှစ်ထောင်းအားရ ဖူးမြော်လျက်ရှိကြခြင်းဖြစ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူ ယနေ့တွင် တစ်သိန်းကျော် လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၁၉**

ကမ္ဘာပေါ်ရှိ စကျင်ကျောက်ထွင်း ဗုဒ္ဓရုပ်ပွားတော်များတွင် ညာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်ကြီး၏ ပရိဝုဏ်အတွင်းသို့ ယနေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ တစ်သိန်းကျော်ဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများတွင်သာမက ပြည်ပမှခရီးသွားဧည့်သည်များပါ လာရောက်ဖူးမြော်ကြည်ညိုလေ့လာလျက်ရှိသည်။

ယနေ့တွင် ကြိတ်ကြိတ်တိုး အထူးစည်ကားသည့် နေ့တစ်နေ့လည်းဖြစ်သည်။ ဘုရားကြီး၏ မုခ်ဦးဝမှစတင်ကာ လုံခြုံရေးလည်ဆွဲကတ်များ ကိုယ်စီဖြင့် ဘုရားဖူးလာရောက်ကြသည့် ရဟန်း၊ ရှင်လူပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီ အဆူ ၇၂၀ တို့ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကိုပေးအပ်လှူဒါန်းကြသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူအများပြည်သူများအနေဖြင့် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ လာရောက်ဖူးမြော် ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်းနှင့် ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ တစ်သိန်းကျော် လာရောက်ဖူးမြော်ကြည်ညိုကြရာ အထူးပင် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**







*စာမျက်နှာ ၆ မှ*

ပြောသံပေးကြွေးကြော် တိုက်ခိုက်လာသည်များကို ဘဝအဆက်ဆက် ဖြည့်ကျင့်ခဲ့သည့် ပါရမီကုသိုလ်တော်များနှင့် မေတ္တာတော်တို့၏ စွမ်းပကားဖြင့် ပယ်ရှား အောင်မြင်တော်မူခဲ့ခြင်းဖြစ်သည်။

**ရဟန်းရှင်လူ ပြည်သူအပေါင်း နှစ်ထောင်းအားရ ဖူးမြော်လျက်ရှိ**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်သည့် မျက်မှောက်ကာလတွင် မည်သည့်အချိန်အခါနှင့်မျှ မတူ နိုင်ငံနှင့် လူမျိုးကိုရော၊ ဘာသာသာသနာကိုပါ အဘက်ဘက်မှ တစ်ပြိုင်တည်း မာရ်နတ်စစ်သည်များသဖွယ် အုံကျင်းဖွဲ့ တိုက်ခိုက်မှုများကို ကြုံတွေ့နေရသည်။ လောဘ ဒေါသ မောဟ တည်းဟူသော ကိလေသာမီးတို့ အလျှံညီးညီး တောက်လောင်နေသူတို့က နိုင်ငံနှင့် လူမျိုး ပျက်စီးရာပျက်စီးကြောင်းအားထုတ်ကြိုးပမ်း ဖျက်ဆီးနေကြရုံမျှမက ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ကိုပါ ပြစ်တင်ကြိမ်းမောင်းခြိမ်းခြောက်ဆဲရေး ပုတ်ခတ်ကျူးလွန်နေကြသည်။ ဤသို့သော အခြေအနေအချိန်အခါတွင် မာရ်ငါးပါးကို အောင်မြင်တော်မူခြင်းဟု အနက်အဓိပ္ပာယ်ဆောင်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာခဲ့သည်မှာ အပူကိုငြိမ်းစေသည့် အအေးဓာတ်တို့ လောကတစ်ခွင်ကို ဖြန့်ကြက်အေးချမ်းစေသကဲ့သို့ ရန်မြူခပင်း အမိုက်သင်းတို့ကို အရှင်းပယ်ဖျောက်ကာ ချမ်းသာခြင်းကို ဆောင်ကြဉ်းပေးမည်ဟု ယုံကြည်ကြသည့်အလျောက် သဒ္ဓါကြည်ဖြူ ကုသိုလ်ယူလိုကြသူ ရဟန်းရှင်လူ ပြည်သူအပေါင်းက နှစ်ထောင်းအားရ ဖူးမြော်လျက်ရှိကြခြင်းဖြစ်သည်။

နေခြည်နွေးနွေး အလင်းရောင်အောက်တွင် လေညင်းတသုန်သုန်တိုက်ခတ်လျက် ဘုရားကြီးရင်ပြင်တော်တစ်ခွင် ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်သံက လွှင့်ပျံ့လျက်ရှိသည်။ ရပ်နီးရပ်ဝေးမှ ရောက်ရှိလာကြသည့် ရဟန်းသံဃာများ၊



သီလရှင်များ၊ တိုင်းရင်းသား တိုင်းရင်းသူ ဘုရားဖူးခရီးသည် ပြည်သူများ အစုလိုက်၊ အဖွဲ့လိုက် ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်လာနေကြသည်။ ဘုရားမြတ်စွာ၏ ဂုဏ်တော်ကို ရည်မှန်းကာ ရှိခိုးကန်တော့နေကြသူများ၊ ဂန္ဓကုဋီတိုက်တော်များတွင် လှည့်လည်လေ့လာကြည်ညိုနေကြသူများ၊ သုဓမ္မာဇရပ်များတွင် ဝိုင်းဖွဲ့အနားယူနေကြသူများ၊ ကျောက်စာရုံ စေတီတော်များတွင် ကြည့်ရှုလေ့လာနေကြသူများကို အရပ်ရှစ်မျက်နှာပတ်လည်၌ မြင်တွေ့နေရသည်။ မြင်သမျှ တွေ့သမျှ ကြားသမျှတို့က စိတ်နှလုံးချမ်းမြေ့ဖွယ် ကြည်နူးဖွယ်ကောင်းပေစွဟု ကျူးရင့်လျက် မြတ်စွာဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်တို့ကြောင့် နိုင်ငံတော်တစ်ဝန်း ဘေးအပေါင်း၊ ရန်အပေါင်းတို့ ကင်းဝေးကြ၍ အေးချမ်းသာယာဝပြောနိုင်ပါစေကြောင်း ဆုမွန်တောင်းခဲ့ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဩဂုတ် ၁၉**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ ဩဂုတ် ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် တရုတ် -တောင်အာရှပြပွဲ၊ (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/ သွင်းကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား၊ ၂၀၂၃ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ အုပ်ချုပ်သူများဖိုရမ်နှင့် ဆက်စပ်အခမ်းအနားများ တက်ရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ UMFCCI အသင်းချုပ်ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့လည်း ပြန်လည်လိုက်ပါခဲ့သည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ Economic & Commer- cial Cpunsellor ဖြစ်သူ Ouyang Daobing နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ရုပ်မြင်သံကြားဌာန (YNTV) သို့ သွားရောက်လေ့လာ CGTN နှင့် "ပေါက်ဖော်" မဂ္ဂဇင်းတို့၏ မေးမြန်းမှုများကို ဖြေကြား

**ကူမင်း ဩဂုတ် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ယူနန်ရုပ်မြင်သံကြားဌာန ( Yunan Television YNTV) သို့ သွားရောက်လေ့လာရာ YNTV မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ **(ယာပုံ)**

ယူနန်ရုပ်မြင်သံကြားဌာနကို ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ(၁) ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး ရုပ်သံလိုင်း (၁၀)ခုဖြင့် ထုတ်လွှင့်လျက်ရှိကာ ရုပ်သံဇာတ်လမ်းတွဲများသည် တရုတ်နိုင်ငံအပါအဝင် ယူနန်ပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသွားများ တိုးပွားလာစေရေးကို ကောင်းစွာအထောက်အကူပြုကြောင်း သိရသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယူနန်ရုပ်မြင်သံကြား ပြတိုက်ထုတ်လွှင့်မှု ဆောင်ရွက်လျက်ရှိသည့် Studio များကို လှည့်လည်ကြည့်ရှုကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ယူနန်ရုပ်မြင်သံကြားတို့အကြား ယခင်ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ ယခုပူးပေါင်း လုပ်ဆောင်နေမှုများနှင့် ရုပ်သံကဏ္ဍအပါအဝင် မီဒီယာကဏ္ဍများတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက်ဖြစ်စေရေး ဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။



မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ယူနန်ရုပ်မြင်သံကြားနှင့် ဇာတ်လမ်းတွဲများ မြန်မာစာတန်းထိုး၍ပြသခြင်း၊ လှပသော မြန်မာ (Beautiful Myanmar) Promo Video Short Clip ရိုက်ကူးခြင်းအပါအဝင် ပူးပေါင်းဆောင်ရွက်လျက် ယူနန်ရုပ်မြင်သံကြားဌာနက ဆောင်ရွက်လျက်ရှိသော "လန်ချန်း-မဲခေါင် Look App" တွင်လည်း မဲခေါင်-လန်ချန်း အဖွဲ့ဝင်တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ပါဝင်နိုင်ရေး ဆက်လက်လုပ်ဆောင်ရန် သဘောတူထားပြီးဖြစ်သည်။

**လက်ခံတွေ့ဆုံ**

ပြည်ထောင်စု ဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းက China Global Television Net (CGTN) နှင့်လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် ပေါက်ဖော်မဂ္ဂဇင်းနှင့်လည်းကောင်း **(ဝဲပုံ)** လက်ခံတွေ့ဆုံပြီး သိရှိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားခဲ့သည်။



ထို့အပြင် မဲခေါင် - လန်ချန်း အက်ပလီကေးရှင်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍လည်း ဝမ်းမြောက်ကြောင်း မုဒိတာစကား ပြောကြားခဲ့သည်။ ယင်းအက်ပလီကေးရှင်းကို တရုတ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းဘာသာစကားတို့ဖြင့် စတင်စမ်းသပ် ထုတ်လွှင့်နေပြီဖြစ်ပြီး ၂၀၂၅ခုနှစ်အကုန်တွင် မဲခေါင်-လန်ချန်း အဖွဲ့ဝင်အားလုံး ပါဝင်သည့် အက်ပလီကေးရှင်းဖြစ်စေရေး ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**သွားရောက်လေ့လာ**

ထို့အပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းဆေးဘက်ဆိုင်ရာ တက္ကသိုလ် ( Kunming Medical University) သို့ သွားရောက်လေ့လာခဲ့ရာ တက္ကသိုလ်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းတက္ကသိုလ်ကို ၂၀၁၆ ခုနှစ်တွင် ယူနန် ဆေးဘက်ဆိုင်ရာ ကောလိပ်အဖြစ်မှ ၂၀၁၂ ခုနှစ်တွင် ကူမင်းဆေးဘက်ဆိုင်ရာ တက္ကသိုလ်အဖြစ်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၅၆ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် Independent Medical Education Institutions မှ စတင်အခြေတည်ကာ အဆင့်ဆင့် တိုးတက်ဖွဲ့စည်းခဲ့သည့် တက္ကသိုလ် တစ်ခုဖြစ်ပြီး အခြားဆေးတက္ကသိုလ်ပေါင်း(၉၀)ကျော်နှင့် သင်ကြားမှုဆိုင်ရာများတွင်လည်းကောင်း၊ ဆေးသုတေသနလုပ်ငန်းများအတွက် (၂၉)နိုင်ငံနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းတက္ကသိုလ်က မွေးထုတ်ပေးလိုက်သော ပါရဂူဘွဲ့၊ မာစတာဘွဲ့၊ ဒေါက်တာဘွဲ့၊ ဆေးဘက်ဆိုင်ရာနှင့် ဆက်စပ်သည့် ဘွဲ့ရပညာတတ်များသည် တရုတ်နိုင်ငံ၏ ဝေးလံခေါင်သီသော နေရာများနှင့် အခြေခံ လူတန်းစားတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာဒေသများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးများ၊ ဒေသတည်ငြိမ် အေးချမ်းရေးများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရန်တို့အတွက် ထိရောက်စွာ အထောက်အပံ့ ပြုနိုင်ခဲ့ကြောင်း၊ ဆေးပညာအပါအဝင် ဆေးပညာနှင့် ဆက်စပ်သည့်ဘာသာရပ်များကို ပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရမ်းဗြဲမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်လျက်ရှိ

**ရမ်းဗြဲ ဩဂုတ် ၁၉**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် သစ်ပုတ်တောင် ကျေးရွာ၌ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်း အရှည် ၁/၂ ဒသမ ၆ မိုင်၊ အကျယ် ၁၂ ပေ ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်၌ ရေထုတ်ပြွန် ၁၃ စင်း တည်ဆောက်မည့်နေရာနှင့် မြေပြင်အခြေအနေများကို ကျောက်ဖြူခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်သက်ဦးနှင့် အဖွဲ့က ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၅ ရက်က ကွင်းဆင်းစစ်ဆေးကြကာ ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်တည်ဆောက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေး ရှင်းလင်းမှာကြားခဲ့သည်။

အဆိုပါ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးပါက ဒေသထွက်ကုန်ပစ္စည်းများကို တခြားဒေသဈေးကွက်များသို့ လွယ်လင့်တကူ ပို့ဆောင်ရောင်းချနိုင်မည်ဖြစ်ကာ ဒေသတွင်းကျေးရွာများရှိ အိမ်ခြေ ၂၂၁ အိမ်မှ လူဦးရေ ၁၂၀၀ ကျော်အား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**အောင်လှဖြူ**
**(ရမ်းဗြဲ)**

# သတိပြုသင့်သည့် ပြည်ဖျက်ကြေးစားများ အန္တရာယ်

မင်းခန့်

**ယနေ့ ၂၁ ရာစု သတင်းအချက်အလက်နှင့် နည်းပညာခေတ်မှာ အင်အားကြီးနိုင်ငံများဟာ အင်အားငယ်နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနှင့် လူမှုရေးအပါအဝင် အဲဒီနိုင်ငံရဲ့ လုံခြုံရေးနဲ့တည်ငြိမ်အေးချမ်းရေးတွေကို ထိန်းချုပ်နိုင်ဖို့အတွက် အဲဒီနိုင်ငံသားတွေရဲ့ စိတ်ခံစားချက်များကို လွှမ်းမိုးခြယ်လှယ်ပြီး သူတို့လိုရာကို လုပ်ဆောင်စေတဲ့နည်းလမ်းကို အသုံးပြုလျက်ရှိပါတယ်။ တစ်နည်းအားဖြင့် အင်အားကြီးနိုင်ငံများက သူတို့ရဲ့ အကျိုးစီးပွားအတွက် အခြားနိုင်ငံတစ်နိုင်ငံကို စစ်ရေးအရ တိုက်ရိုက်ဝင်ရောက်တိုက်ခိုက်ခြင်းမပြုလုပ်ဘဲ ပစ်မှတ်နိုင်ငံကို ပြိုလဲသွားအောင်နဲ့ လွှမ်းမိုးခြယ်လှယ်နိုင်အောင် လုပ်နေတဲ့ အဲဒီနည်းလမ်းဟာ ခေတ်သစ်ကျူးကျော်စွက်ဖက်တဲ့ပုံစံလို့လည်း ဆိုကြပါတယ်။**

အဲဒီလိုလုပ်ဆောင်နိုင်ဖို့ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာဖြစ်တဲ့ ကွန်ပျူတာအခြေခံ AI နည်းပညာကိုအသုံးချပြီး လူမှုကွန်ရက် (Social Media) အပါအဝင် သတင်းမီဒီယာများမှတစ်ဆင့် သူတို့ဖြစ်စေချင်တဲ့အတိုင်း ပြည်သူအများက လိုက်ပါပြောဆိုလုပ်ကိုင်လာစေမယ့် စိတ်နေစိတ်ထားများဖြစ်လာအောင် စိတ်ဓာတ်စစ်ဆင်ရေး လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။

သူတို့လုပ်နေတဲ့ စိတ်ဓာတ်စစ်ဆင်ရေးပုံစံဟာ မီဒီယာအမည်ခံ သတင်းဌာနမျိုးစုံကနေ သတင်းအမှားများ၊ သတင်းအတုများ၊ အမှားအမှန်ရောထွေးသတင်းများ၊ ဘက်လိုက်ပြီး အမှန်ကိုမျက်ကွယ်ပြုကာ လိုရာဆွဲသတင်းများကို တမင်ဖန်တီးပြီး လူမှုအသိုက်အဝန်းအတွင်း ကျယ်ပြန့်စွာရောက်ရှိအောင် ထပ်ကာတလဲလဲ နေ့စဉ်ထုတ်လွှင့်နေခြင်း ဖြစ်ပါတယ်။

### အမှန်ထင်လာအောင် လုပ်ဆောင်နေ

ဒီလိုထုတ်လွှင့်တဲ့ သတင်းတွေကို ပြည်သူလူထုရဲ့စိတ်ထဲမှာလိုရာဆွဲ အမှန်သတင်းများ ဖြစ်စေဖို့အတွက် AI နည်းပညာနဲ့ ပြည်သူလူထုအကြားများများပျံ့နှံ့အောင်လုပ်ပြီး ပြည်သူတွေအနေနဲ့ ကြားသိရဖန်များလာရင် အမှန်ထင်လာအောင် လုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ Facebook ကဲ့သို့ လူတိုင်းနီးပါးအသုံးပြုနေတဲ့ Social Media Platform ကို အမိအရအသုံးချပြီး အဲဒီနည်းလမ်းနဲ့ ပြည်သူတွေရဲ့ စိတ်ခံစားချက်တွေကို သူတို့လိုရာ လွှမ်းမိုးခြယ်လှယ်နိုင်ဖို့ ပြည်ပအထောက်အပံ့ခံ ပြည်ဖျက်မီဒီယာများ၊ ပြည်ပဩဇာခံ လူမှုအဖွဲ့အစည်းများ၊ အမည်အမျိုးမျိုးနဲ့ ရပ်တည်နေတဲ့ ပြည်တွင်း၊ ပြည်ပက Think –Tank အဖွဲ့များက ရည်ရွယ်ချက်ရှိရှိ စိတ်ဓာတ်စစ်ဆင်ရေးလုပ်နေတာတွေကို ထင်ရှားစွာမြင်တွေ့ကြရမှာ ဖြစ်ပါတယ်။

ဒီအဖွဲ့တွေရဲ့ အဓိကရည်ရွယ်ချက်ကတော့ တပ်မတော်အတွင်း သပ်လျှိုသွေးခွဲဖို့၊ ပြည်သူနဲ့ တပ်မတော်ကို ရန်တိုက်ပေးဖို့၊ မြန်မာပြည်သူအများစုကိုးကွယ်တဲ့ ဗုဒ္ဓဘာသာကို နှိမ့်ချစော်ကားဖို့၊ ပြည်သူတွေကြားထဲ အစွန်းရောက်စိတ်တွေပျံ့နှံ့လာအောင်လုပ်ဆောင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်အောင်လုပ်ဖို့နဲ့ နောက်ဆုံးမှာ သူတို့လိုလားတဲ့ ဩဇာခံအစိုးရတစ်ရပ်ဖြစ်အောင် လုပ်ဆောင်ဖို့ပဲ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ တပ်မတော်က ဦးဆောင်ကြိုးပမ်းခဲ့တဲ့ ငြိမ်းချမ်းစွာဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေအတွင်းမှာ ပြည်သူလူထုကို လွတ်လပ်မှုအခွင့်အရေးတွေ ပြန်လည်အပ်နှင်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) စတင်အသက်ဝင်ကျင့်သုံးလာခဲ့တာကို အခွင့်ကောင်းယူပြီး ကြေးစားမီဒီယာအမည်ခံအဖွဲ့အစည်း၊ ပရဟိတအမည်ခံလူမှုအဖွဲ့အစည်းတို့ဟာ နည်းလမ်းမျိုးစုံ၊ အသွင်သဏ္ဌာန်မျိုးစုံနဲ့ မြန်မာနိုင်ငံအတွင်းမှာ ခြေကုပ်ယူခဲ့ကြတာ ဖြစ်ပါတယ်။

### မီးလောင်ရာလေပင့် လုပ်ဆောင်လာ

ဒီအဖွဲ့တွေဟာ အစကနဦးမှာတော့ မြန်မာနိုင်ငံရဲ့ အကျိုးစီးပွားအတွက် ရေးရှုသယောင်ပြခဲ့ကြပေမယ့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာ NLD အစိုးရရဲ့ အာဏာအလွဲသုံးစားမှု၊ အခြေခံဥပဒေချိုးဖောက်မှု၊ မဲလိမ်/မဲခိုးမှုတွေကြောင့် တပ်မတော်က အာဏာထိန်းပြီးတဲ့နောက်မှာတော့ ဟန်ဆောင်မျက်နှာဖုံးတွေ ကွာကျသွားကြပါတယ်။ သူတို့ကို ထောက်ပံ့ပေးထားတဲ့ အနောက်အုပ်စုအလိုကျ အတွေးအခေါ်၊ အယူအဆတွေ၊ ဝါဒဖြန့်သတင်းတွေနဲ့ သုတေသနအချက်အလက်တွေကိုသာ အဆက်မပြတ်ထုတ်လွှင့်ပြီး မြန်မာနိုင်ငံမှာ အစွန်းရောက်စိတ်ဓာတ် ပြန့်ပွားဖို့အတွက် မီးလောင်ရာလေပင့် လုပ်ဆောင်လာကြပါတော့တယ်။

အရင်ကတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလှိုင်းအတက်မှာ အခွင့်ကောင်းယူ လှေကြုံစီးပြီး ပြည်တွင်းဥပဒေများအရ တရားဝင်အဖွဲ့အစည်းများအဖြစ် ရပ်တည်ခဲ့ကြပေမယ့် အခုနိုင်ငံရေးအပြောင်းအလဲနောက်ပိုင်း ပြည်တွင်းမှာ ဆက်လက်ရပ်တည်နိုင်စွမ်းမရှိကြတော့ဘဲ ပြည်ပနိုင်ငံများကို တိမ်းရှောင်သွားကြပါတယ်။ ပြည်တွင်းမှာ သူတို့အခိုင်အမာတည်ဆောက်ခဲ့တဲ့ သတင်းကွန်ရက်တွေကို အသုံးချပြီး သူတို့နောက်ကွယ်က ကြိုးကိုင်ညွှန်ကြားနေတဲ့ နိုင်ငံကြီးများ ဇာတ်ညွှန်းအတိုင်း မြန်မာနိုင်ငံပြိုကွဲပျက်စီးရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အစွန်းရောက်အတွေးအခေါ် သဘောတရားများ ပြန့်ပွားရေးတို့ကို ပြောင်ပြောင်တင်းတင်း ဆက်လက်လုပ်ဆောင်လာကြပါတော့တယ်။

ဒီအဖွဲ့အစည်းတွေရဲ့ အဓိက ပင်မအရင်းအမြစ်များ ပြည်ပကို တိမ်းရှောင်ထွက်ခွာသွားကြပြီဖြစ်ပေမယ့် သူတို့တည်ဆောက်ခဲ့တဲ့ ကွန်ရက်များကတော့ ပြည်တွင်းမှာ အရှိန်တစ်ခုနဲ့ ဆက်လက်လည်ပတ်နေဆဲ ဖြစ်ပါတယ်။

တချို့သော Think–Tank အဖွဲ့အစည်းတွေဆိုရင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကူညီပံ့ပိုးရေးခေါင်းစဉ်အောက်မှာ မြန်မာနိုင်ငံရဲ့လက်နက်ကိုင်ပဋိပက္ခတွေကို အဓိကထား လေ့လာနေကြသလို၊ မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ တရုတ်ရဲ့မူဝါဒတွေ၊ လွှမ်းမိုးမှုတွေကို လေ့လာကြပြီး တရုတ်နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးနေမှုမှာ အရေးကြီးတဲ့ အချက်အလက်တွေကို ဆန်းစစ်နေကြပါတယ်။ မြန်မာလူငယ်တွေကိုလည်း အနောက်အုပ်စုအတွေးအခေါ်သဘောတရားဖြစ်တဲ့ အစွန်းရောက်လစ်ဘရယ်သဘောတရားလွှမ်းမိုးမယ့် သင်တန်းတွေကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးတာတွေ ဆောင်ရွက်နေပါတယ်။ တချို့ကတော့ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအပါအဝင် တိုင်းရင်းသား လက်နက်ကိုင်တွေရဲ့ အခါတော်ပေးတွေ၊ လော်ဘီတွေအဖြစ် ဆောင်ရွက်ကြပြီး တပ်ပြေးအဖွဲ့တွေကိုလည်း လေ့ကျင့်ပေးတာ၊ စပွန်ဆာပေးတာတွေ လုပ်ကြပါတယ်။

### မှိုင်းတိုက်စစ်ဆင်နွှဲနေ

ဒီလိုလုပ်ဆောင်နေမှုများဟာ ခရီးသွားဟန်လွှဲ စိတ်ကူးတည့်ရာ လုပ်ဆောင်နေကြခြင်းမျိုး မဟုတ်ဘဲ ဘက်စုံစစ်ပွဲ (Multidimensional warfare) သဘောတရားထဲကတစ်ခုဖြစ်တဲ့ သဘောတရားရေးနည်းလမ်း (Ideological Means) နဲ့ မြန်မာနိုင်ငံအပေါ် စစ်ပြုနေခြင်းဖြစ်ပြီး အဲဒီစစ်ပွဲရဲ့ အဓိကလက်နက်ကတော့ လူတွေကြားထဲ လက်လှမ်းတမီအသုံးပြုနေကြတဲ့ အင်တာနက် လူမှုကွန်ရက်များပဲ ဖြစ်ပါတယ်။ နိုင်ငံကြီးများရဲ့ တရားဝင်/ တရားမဝင်အားပေးထောက်ပံ့ပေးမှုများအရ ငွေအား၊ လူသားအရင်းအမြစ်အားနဲ့ နည်းပညာအားကို အသုံးချပြီး အင်တာနက်လူမှုကွန်ရက်တွေမှာ အစွန်းရောက်သဘောတရားများ ပျံ့နှံ့စေပြီး သမ္မုတတဲ့ အတွေးအခေါ်၊ အရေးအသား၊ ဆွေးနွေးမှုများကို ပိတ်ပင်တားဆီးကာ ဝါဒဖြန့်ချိရေးနည်းလမ်း (Propaganda Means)နဲ့ မြန်မာပြည်သူများကို အသိမှား၊ အမြင်မှားအောင် မှိုင်းတိုက် စစ်ဆင်နွှဲနေကြခြင်းသာ ဖြစ်ပါတယ်။

ဝါဒဖြန့်ချိရေးနည်းလမ်းမှာ ရှေ့တန်းကျကျ ပါဝင်တိုက်ခိုက်နေကြတာကတော့ ပြည်ပအထောက်အပံ့ခံ ကြေးစားမီဒီယာများ ဖြစ်ကြပါတယ်။ ကြေးစားမီဒီယာတွေအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းကစလို့ ဆန္ဒပြမှုတွေအပါအဝင် NUG/PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေဘက်က နည်းမျိုးစုံနဲ့တစ်ဖက်သတ်ဝါဒဖြန့်ချိရေး လုပ်ပေးနေရင်း မြေပြင်အခြေအနေနဲ့ တဖြည်းဖြည်း ဝေးကွာလာကြပါတယ်။ သူတို့ဖြစ်စေချင်၊ မြင်စေချင်၊ ထင်စေချင်တဲ့ အကြောင်းအရာတွေကို အတင်းကာရော ယုတ္တိတန်၏၊ မတန်၏တောင် မဆင်ခြင်နိုင်တော့ဘဲ အကြီးအကျယ်ဝါဒဖြန့်နိုင်ဖို့ လုပ်ကြံသတင်းအတုတွေ နေ့စဉ်ထုတ်လွှင့်လျက်ရှိပါတယ်။ သူတို့ရဲ့ သတင်းအတုများဟာ လက်တွေ့နဲ့ ကင်းကွာသည်ထက် ကင်းကွာလာတာကြောင့် ပြည်သူတွေရဲ့ ယုံကြည်မှုတဖြည်းဖြည်း ကျဆင်းလာပေမယ့် ထပ်ကာတလဲလဲ ထုတ်လွှင့်မှုများကြောင့် ထင်ယောင်ထင်မှားနဲ့ ယုံကြည်နေသူများလည်း အထိုက်အလျောက်ရှိနေပါတယ်။

### ဝါဒဖြန့်ချိရေးကို အရှိန်မြှင့်နေတဲ့သက်သေ

ဒီလို လုပ်ကြံသတင်းတု/ သတင်းမှားတွေနဲ့ ပတ်သက်ပြီး စိစစ်ထားတဲ့ အချက်အလက်တွေအရ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း Khit Thit၊ Mizzima၊ DVB၊ RFA၊ Ayeyarwaddy Times၊ မြေလတ်အသံ အစရှိတဲ့ ပြည်တွင်း/ ပြည်ပ ကြေးစားမီဒီယာ ခြောက်ခုအပါအဝင် အခြားမီဒီယာအမည်ခံ Page အမျိုးမျိုး၊ အကောင့်အမျိုးမျိုးကနေ တစ်လအတွင်း တင်ပြခဲ့တဲ့ သတင်းပေါင်း ၇၄၄ ပုဒ်ကို စိစစ်ရာမှာ လုပ်ကြံသတင်းအတု ၂၈၁ ပုဒ် (၃၇ ဒသမ ၇၇ ရာခိုင်နှုန်း)၊ သတင်းအမှား ၄၀၅ ပုဒ် (၅၄ ဒသမ ၄၃ ရာခိုင်နှုန်း)ရှိလို့ သတင်းအတု၊ သတင်းအမှား စုစုပေါင်း ၉၂ ဒသမ ၂၀ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ ဒီအချက်အလက်တွေက ကြေးစားမီဒီယာတွေရဲ့ ဝါဒဖြန့်ချိရေးကို အရှိန်မြှင့်နေတဲ့ သက်သေတစ်ခု ဖြစ်ပါတယ်။

ကြေးစားမီဒီယာတွေရဲ့ ထင်ရှားတဲ့ သတင်းအတု/ သတင်းအမှားနဲ့ ဝါဒဖြန့်ချိရေးသတင်းတစ်ခုကို ဥပမာပြရရင် ဇူလိုင်လ ၇ ရက်နေ့က ရန်ကုန်–မန္တလေးအမြန်လမ်း *စာမျက်နှာ ၁၁ သို့*

**“လုပ်ကြံသတင်းတု / သတင်းမှားတွေနဲ့ပတ်သက်ပြီး စိစစ်ထားတဲ့ အချက်အလက်တွေအရ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း Khit Thit၊ Mizzima၊ DVB၊ RFA၊ Ayeyarwaddy Times၊ မြေလတ်အသံ အစရှိတဲ့ ပြည်တွင်း /ပြည်ပ ကြေးစားမီဒီယာ ခြောက်ခုအပါအဝင် အခြားမီဒီယာအမည်ခံ Page အမျိုးမျိုး၊ အကောင့်အမျိုးမျိုးကနေ တစ်လအတွင်းတင်ပြခဲ့တဲ့ သတင်းပေါင်း ၇၄၄ ပုဒ်ကို စိစစ်ရာမှာ လုပ်ကြံသတင်းအတု ၂၈၁ ပုဒ် (၃၇ ဒသမ ၇၇ ရာခိုင်နှုန်း)၊ သတင်းအမှား ၄၀၅ ပုဒ် (၅၄ ဒသမ ၄၃ ရာခိုင်နှုန်း) ရှိလို့ သတင်းအတု၊ သတင်းအမှား စုစုပေါင်း ၉၂ ဒသမ ၂၀ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်”**

**“ပြည်ပလက်ဝေခံမီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားများဟာ သူတို့အမွှမ်းတင်ဝါဒဖြန့်ချိနေတဲ့ တော်လှန်ရေးလုပ်ရပ်အဖြစ် ပုံဖော်နေကြပေမယ့် လက်တွေ့မြေပြင်မှာတော့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်များကို ဦးတည်ပြီး ပြည်သူလူထုရဲ့အကျိုးစီးပွားကိုထိခိုက်စေတဲ့ အကြမ်းဖက်လုပ်ရပ်များ ဖြစ်နေပါတယ်။ အပြစ်မဲ့ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ သံဃာတော်တွေ၊ ကျောင်းဆရာ ဆရာမတွေနဲ့ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မရှိတဲ့ သာမန်ပြည်သူတွေကို လက်နက်အားကိုး သတ်ဖြတ်တဲ့လုပ်ရပ်တွေဟာ ကနဦးရည်ရွယ်ချက်က NUG/PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြောက်တရားပြန့်ပွားရေးမူနဲ့ သူတို့ကို အားပေးထောက်ခံလာဖို့ လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ အထူးသဖြင့် ငါနဲ့မတူ ငါ့ရန်သူ အယူအဆနှင့် ဒလန်ခေါင်းစဉ်တပ်ပြီး လုပ်ကြံသတ်ဖြတ်မှုတွေ ပရမ်းပတာလုပ်ဆောင်လာလို့ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူအများစုက NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်သမားများအဖြစ် ရွံရှာစက်ဆုပ် ပြစ်တင်ရှုတ်ချလျက်ရှိပါတယ်”**

# နိုင်ဂျာနိုင်ငံမှ နိုင်ငံရေးသင်ခန်းစာ

မျိုးငြိမ်းငယ်

**အနောက်အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ နိုင်ဂျာနိုင်ငံမှာ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့က နိုင်ဂျာသမ္မတ မိုဟာမက်ဘာဇွမ်ကို သမ္မတရဲ့အစောင့်တပ်က ထိန်းသိမ်းလိုက်ပါတယ်။ နိုင်ဂျာနိုင်ငံရဲ့ ဖြစ်စဉ်အပေါ် ရှုထောင့်အမျိုးမျိုး၊ အမြင်အမျိုးမျိုးနဲ့ ချဉ်းကပ်နေကြပါတယ်။**

အာဏာသိမ်းမှုဖြစ်ပွားခဲ့တဲ့ နိုင်ဂျာနိုင်ငံဟာ ၁၉၆၀ ပြည့်နှစ်ကမှ ပြင်သစ်ဆီက လွတ်လပ်ရေး ရခဲ့တာပါ။ နိုင်ဂျာနိုင်ငံဟာ အနောက်အာဖရိကမှာ ရှိတဲ့ ကုန်းတွင်းပိတ်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အနောက်အာဖရိကမှာ အကြီးဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ နယ်မြေအကျယ်အဝန်းအနေနဲ့ စတုရန်းကီလိုမီတာ ၁၂ သိန်းနီးပါး ရှိပါတယ်။ နိုင်ငံ့ဧရိယာရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ ဆာဟာရသဲကန္တာရ ဖြစ်ပါတယ်။ လူဦးရေအနေနဲ့ ၂၄ ဒသမ ၄ သန်း ရှိပါတယ်။ ၂၀၂၃ ခုနှစ် ဘက်စုံဆင်းရဲမွဲတေမှု ညွှန်းကိန်းတွေအရ နိုင်ဂျာနိုင်ငံဟာ ကမ္ဘာမှာ အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံပါ။

## ပြည်တွင်းနောက်ခံအခြေအနေ

နိုင်ဂျာနိုင်ငံဟာ ၁၉၂၂ ခုနှစ်မှာ ပြင်သစ်တို့ရဲ့ အနောက်အာဖရိကအတွင်းက ကိုလိုနီနယ်မြေတစ်ခု ဖြစ်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာ ပြင်သစ်ကိုလိုနီအတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်တစ်ခုဖြစ်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်မှာ လွတ်လပ်ရေး ရရှိခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်မှာ တစ်ပါတီစနစ်နဲ့ အုပ်ချုပ်ခဲ့ပါတယ်။ အဲဒီကာလအတွင်း စီးပွားရေးအခက်အခဲတွေ၊ မူးယစ်ဆေးဝါး၊ အကျင့်ပျက်ခြစားမှုနဲ့ စားနပ်ရိက္ခာပြတ်လပ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နိုင်ဂျာနိုင်ငံဟာ ပြင်သစ်တို့ဆီကနေ လွတ်လပ်ရေးရပြီးတဲ့ နှစ်ပေါင်း ၆၀ ကျော်အတွင်းမှာ အာဏာသိမ်းမှု ငါးကြိမ်နဲ့ မငြိမ်မသက်မှုတွေ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ်က နိုင်ဂျာနိုင်ငံမှာ ပါတီစုံရွေးကောက်ပွဲကျင်းပခဲ့ပြီး အရပ်ဘက်အစိုးရ တက်လာခဲ့ပါတယ်။ ၁၉၉၀ နဲ့ ၉၅ အကြားမှာ အငတ်ဘေးပြဿနာတွေကြောင့် နိုင်ဂျာမြောက်ပိုင်းမှာ တော်လှန်ပုန်ကန်မှုတွေ ဖြစ်ပွားခဲ့ပြီး ၁၉၉၆ မှာ တပ်မတော်က အာဏာရယူခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာလည်း နိုင်ဂျာနိုင်ငံမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ပါတယ်။ ဒ့ါအပြင် မကြာခဏ မိုးခေါင်တာနဲ့ ဆင်းရဲမွဲတေမှုတွေကြောင့် နိုင်ဂျာနိုင်ငံဟာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ နိုင်ငံရဲ့ စီးပွားရေးတိုးတက်ဖို့အတွက် ရေနံတူးဖော်တာ၊ ရွှေတူးဖော်တာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒ့ါအပြင် နိုင်ဂျာနိုင်ငံဟာ ကမ္ဘာမှာ ယူရေနီယံအများဆုံး ထုတ်လုပ်တဲ့ သတ္တမမြောက်နိုင်ငံဖြစ်ပြီး ကမ္ဘာ့ယူရေနီယံထွက်ရှိမှု စုစုပေါင်းရဲ့ ၅ ရာခိုင်နှုန်းရှိတဲ့ နိုင်ငံပါ။ ဒါပေမယ့်လည်း နိုင်ငံရေးအကျပ်အတည်းတွေနဲ့ စီးပွားရေးကျဆင်းမှုတွေကြောင့် နိုင်ဂျာနိုင်ငံမှာ မတည်ငြိမ်မှုတွေ ဆက်လက်ဖြစ်ပွားခဲ့ပါတယ်။



အမိမြေကာကွယ်စောင့်ရှောက်ရေး အမျိုးသားကောင်စီ၏ ဦးဆောင်ပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် Mohamed Toumba က နိုင်ဂျာနိုင်ငံ မြို့တော် နီယာမေရှိ အားကစားကွင်း၌ ဩဂုတ် ၆ ရက်က ပြုလုပ်သည့် အာဏာသိမ်းမှုကို ထောက်ခံဆန္ဒပြသူများအား ကြိုဆိုနှုတ်ဆက်စဉ်။

၂၀၁၁ ခုနှစ်ကစတင်ပြီး နိုင်ငံအနောက်မြောက်ဘက်နဲ့ အနောက်တောင်ဘက်ဒေသတွေမှာ အကြမ်းဖက်မှုတွေ ဆက်တိုက်ဖြစ်ပွားခဲ့တဲ့အပြင် အရှေ့မြောက်ဘက်မှာ ဘိုကိုဟာရမ်နဲ့ အခြားအကြမ်းဖက်အဖွဲ့တွေကြောင့် တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။ နိုင်ငံရဲ့အရှေ့တောင်ပိုင်းဘက်မှာ ခွဲထွက်ရေး လှုံ့ဆော်မှုတွေကြောင့် မငြိမ်သက်မှုတွေ ဆက်လက်ဖြစ်ပွားနေပါတယ်။

## အနောက်အုပ်စုလွှမ်းမိုးမှု

နိုင်ဂျာနိုင်ငံရဲ့ အကျပ်အတည်းဟာ ဒေသတွင်းကို ရုရှားနိုင်ငံရဲ့ အာဏာလွှမ်းမိုးမှုနဲ့ အခြားမငြိမ်သက်မှုတွေကြောင့်လို့ အနောက်နိုင်ငံတွေက ရှုမြင်ကြပါတယ်။ တစ်ဖက်မှာလည်း နိုင်ဂျာနိုင်ငံအတွင်းက စစ်သွေးကြွသောင်းကျန်းမှုကို တိုက်ဖျက်ရာမှာ ကူညီဖို့အတွက် နိုင်ဂျာနိုင်ငံအတွင်းမှာ ပြင်သစ်နဲ့ အမေရိကန် စစ်အခြေစိုက်စခန်းတွေကို လက်ခံထားပါတယ်။ နိုင်ဂျာနိုင်ငံ မြို့တော် Niamey ရှိ နိုင်ငံတကာလေဆိပ်အနီးက လေတပ်အခြေစိုက်စခန်း ၁၀၁ ဟာ အမေရိကန်နဲ့ ပြင်သစ်တပ်ဖွဲ့တွေအတွက် ပူးတွဲမစ်ရှင်နေရာတစ်ခုအဖြစ် အသုံးပြုနေပါတယ်။ အခြေစိုက်စခန်းမှာ အမေရိကန်တပ်ဖွဲ့ဝင် ၈၀၀ ခန့်နဲ့ ပြင်သစ်တပ်ဖွဲ့ဝင် ၁၅၀၀ ခန့် ရှိနေပြီး စစ်ဘက်နဲ့ အရပ်ဘက်လေ့ကျင့်ရေး မစ်ရှင်နှစ်ခုလုံးအတွက် ဥရောပနိုင်ငံတွေက တပ်ဖွဲ့ဝင်တွေလည်း ရှိနေပါတယ်။ ဒ့ါအပြင် အခြေစိုက်စခန်းကို အနောက်နိုင်ငံတွေက စစ်လေယာဉ်အမျိုးမျိုးအတွက် အသုံးပြုနေကြပါတယ်။

အမေရိကန်နိုင်ငံက နိုင်ဂျာနိုင်ငံ Agadez ဒေသမှာ နိုင်ဂျာလေတပ်စခန်း ၂၀၁ လို့ခေါ်တဲ့ တန်ဖိုးကြီးမားတဲ့ ဒရုန်းအခြေစိုက်စခန်းတစ်ခု တည်ဆောက်ထားပါတယ်။ အဲဒီအခြေစိုက်စခန်းဟာ အာဖရိကမှာရှိတဲ့ အမေရိကန်ရဲ့ ဒုတိယအကြီးမားဆုံး လေတပ်အခြေစိုက်စခန်း ဖြစ်ပါတယ်။ နိုင်ဂျာနိုင်ငံမှာရှိတဲ့ စစ်ဘက်ဆိုင်ရာ လုပ်ဆောင်မှုတွေထဲမှာဆို အီးယူ၊ အီတလီ၊ ဂျာမနီနဲ့ အက်စတိုးနီးယားတို့လည်း ပါဝင်ပါတယ်။

တစ်ဖက်မှာ ရုရှားနိုင်ငံက နိုင်ဂျာနိုင်ငံနဲ့ အိမ်နီးချင်း မာလီနဲ့ ဘာကီနာဖာဆိုတို့နဲ့ နီးနီးကပ်ကပ် ဆက်ဆံရေးထူထောင်ထားပါတယ်။ ဒါကြောင့် အာဖရိကနိုင်ငံတွေအတွက် ရုရှားနိုင်ငံက ပိုမိုကောင်းမွန်တဲ့ မဟာမိတ်အဖြစ် ယူဆထားကြပါတယ်။ ဩဂုတ်လ အာဏာသိမ်းမှုဖြစ်ပွားစဉ်က နိုင်ဂျာလူထုဟာ ရုရှားအလံတွေဝှေ့ယမ်းပြီး ရုရှားကို ထောက်ခံကြောင်း ပြသခဲ့ကြပါတယ်။

## ယူရေနီယံ

နိုင်ဂျာနိုင်ငံဟာ အာဖရိကရဲ့ အဆင့်မြင့်ဆုံး ယူရေနီယံသတ္တုရိုင်းတွေ ပိုင်ဆိုင်ထားပါတယ်။ နိုင်ဂျာနိုင်ငံရဲ့ ယူရေနီယံထုတ်လုပ်မှုအနေနဲ့ ကမ္ဘာမှာ သတ္တမအများဆုံးဖြစ်ပြီး ကမ္ဘာ့ထုတ်လုပ်မှုရဲ့ ၅ ရာခိုင်နှုန်းရှိပါတယ်။ ပြင်သစ်နိုင်ငံက နိုင်ဂျာနိုင်ငံရဲ့ ယူရေနီယံထုတ်လုပ်တဲ့ လုပ်ငန်းသုံးခုမှာ ရင်းနှီးမြှုပ်နှံထားပါတယ်။ အဲဒီလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းကို ပြင်သစ်တို့ ပိုင်ဆိုင်ထားပါတယ်။ ပြင်သစ်တို့အနေနဲ့ အဲဒီယူရေနီယံမိုင်းလုပ်ငန်းတွေ လုပ်ကိုင်နေတာ ဆယ်စုနှစ် လေးခု ကျော်ပါပြီ။ ပြင်သစ်နိုင်ငံဟာ သူ့ရဲ့ နျူကလီးယားဓာတ်ပေါင်းဖိုတွေ လည်ပတ်ဖို့အတွက် နှစ်စဉ်ပျမ်းမျှ ယူရေနီယံ တန်ချိန် ရှစ်ထောင်ခန့် လိုအပ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့ယူရေနီယံကို နိုင်ဂျာနိုင်ငံဆီကနေ တင်သွင်းနေပြီး ၂၀၀၅ ခုနှစ်နဲ့ ၂၀၂၀ ကြားမှာ တန်ချိန် ၂၄၇၈၇ (၁၇ ဒသမ ၉ ရာခိုင်နှုန်း) ရှိခဲ့ပါတယ်။ ဒ့ါအပြင် အခြားတင်ပို့မှုအနေနဲ့ ၂၀၂၂ ခုနှစ်အတွင်းမှာ အီးယူကို ယူရေနီယံ ဒုတိယအများဆုံး တင်သွင်းခဲ့ပြီး စုစုပေါင်းတင်သွင်းမှုရဲ့ ၂၅ ဒသမ ၃၈ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။

ဒါပေမယ့် ဇူလိုင်လ အာဏာသိမ်းပြီးနောက်မှာ နိုင်ဂျာအစိုးရသစ်က ပြင်သစ်နိုင်ငံကို ယူရေနီယံ တင်သွင်းမှု ရပ်ဆိုင်းမယ်လို့ ကြေညာခဲ့ပါတယ်။ နိုင်ဂျာနိုင်ငံက ယူရေနီယံတင်သွင်းတာကို ရပ်ဆိုင်းလိုက်တဲ့အတွက် ပြင်သစ်ရဲ့ နျူကလီးယားဓာတ်အားပေးကဏ္ဍကို လတ်တလောအားဖြင့် သိသိသာသာ အကျိုးသက်ရောက်မှု မရှိဘူးလို့ ဆိုပါတယ်။ အဲဒီလိုရပ်ဆိုင်းလိုက်တဲ့အတွက် နိုင်ဂျာနိုင်ငံအနေနဲ့ သူ့ရဲ့ ယူရေနီယံတွေ ရောင်းချဖို့ ဝယ်ယူသူအသစ် ရှာဖွေရမှာဖြစ်ပါတယ်။ နိုင်ဂျာနိုင်ငံရဲ့ ယူရေနီယံတွေကို ဝယ်ယူဖို့အဖြစ်နိုင်ဆုံးက တရုတ်နိုင်ငံဖြစ်မယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းထားကြပါတယ်။

## တရုတ်နိုင်ငံ၏ အခန်းကဏ္ဍ

တရုတ်နိုင်ငံက နိုင်ဂျာနိုင်ငံမှာ စက်မှုဇုန်၊ ရေနံပိုက်လိုင်းနဲ့ ယူရေနီယံထုတ်လုပ်ဖို့ ဆွေးနွေးနေပါတယ်။ တရုတ်နိုင်ငံဟာသူ့ရဲ့နျူကလီးယားအစီအစဉ်အတွက် ယူရေနီယံပမာဏ များများရရှိဖို့ ရှာဖွေနေပါတယ်။ လွန်ခဲ့တဲ့ တစ်လလောက်က တရုတ်အစိုးရပိုင် နျူကလီးယား စွမ်းအင်ကုမ္ပဏီဟာ နိုင်ဂျာနိုင်ငံ အလယ်ပိုင်း Azelik မှာရှိတဲ့ သတ္တုတွင်းတစ်ခုမှ ယူရေနီယံထုတ်ယူမှုကို ပြန်လည်စတင်ဖို့အတွက် နိုင်ဂျာအစိုးရနဲ့ သဘောတူညီမှုရထားပြီး ဖြစ်ပါတယ်။

တရုတ်နိုင်ငံဟာ ပြင်သစ်နိုင်ငံပြီးရင် နိုင်ဂျာနိုင်ငံရဲ့ ဒုတိယအကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ ဖြစ်ပါတယ်။ တရုတ်နိုင်ငံအနေနဲ့ လွန်ခဲ့တဲ့ ဆယ်စုနှစ် နှစ်ခုအတွင်း ရေနံနဲ့ ယူရေနီယံတူးဖော်ရေးအတွက် ဒေါ်လာဘီလီယံနဲ့ချီပြီး ရင်းနှီးမြှုပ်နှံထားပါတယ်။ နိုင်ဂျာနိုင်ငံအတွင်းမှာ တရုတ်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုပမာဏအနေနဲ့ ၂၀၂၀ ပြည့်နှစ်က အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၈ ဘီလီယံရှိခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၀၉ ခုနှစ်က နိုင်ဂျာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် တရုတ်နိုင်ငံက ချေးငွေ အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၉၃ သန်း ပေးအပ်ခဲ့ပါတယ်။

## နောက်ခံအကြောင်းရင်း

နိုင်ဂျာနိုင်ငံ အာဏာသိမ်းမှုဖြစ်စဉ်ဖြစ်ပွားရတဲ့ အကြောင်းရင်းက အင်အားကြီးနိုင်ငံတွေရဲ့ ပြိုင်ဆိုင်မှု တစ်ခုတည်းမဟုတ်ပါဘူး။ ပြည်တွင်းမငြိမ်သက်မှု၊ လုံခြုံရေးအခြေအနေ၊ စီးပွားရေးကျဆင်းမှုနဲ့ အစိုးရရဲ့ စွမ်းဆောင်ရည်အားနည်းမှု စတဲ့အခြေခံအကြောင်းရင်းများစွာလည်း ပါဝင်ပါတယ်။ နိုင်ငံရဲ့ နယ်စပ်ဒေသတွေမှာ ဂျီဟတ်စစ်သွေးကြွမှုနဲ့ လူမျိုးရေးအကြမ်းဖက်မှုတွေ ကျယ်ပြန့်လာတဲ့အပြင် နိုင်ငံအတွင်း နိုင်ငံခြားတပ်ဖွဲ့တွေထားရှိတဲ့အပေါ် ဆန့်ကျင်နေတာတွေဟာ နိုင်ဂျာသမ္မတ မိုဟာမက် ဘာဇွမ်အတွက် အကျပ်အတည်းပါ။ ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်းက ပြင်သစ်တပ်ဖွဲ့တွေ ချထားတာကို နိုင်ဂျာလူထုက ကန့်ကွက်ဆန္ဒပြခဲ့ပါတယ်။ အဲဒီဖြစ်စဉ်က နိုင်ဂျာနိုင်ငံမှာ ပြင်သစ်ဆန့်ကျင်မှုတိုးပွားလာနေတာကို မီးမောင်းထိုးပြနေတာဖြစ်သလို နိုင်ငံခြားတပ်ဖွဲ့တွေ ပိုမိုလက်ခံဖို့ အစိုးရရဲ့ဆုံးဖြတ်ချက်ကို ဆန့်ကျင်ကြောင်း ဖော်ပြခဲ့ကြတာလည်း ဖြစ်ပါတယ်။ နိုင်ဂျာနိုင်ငံမှာ အာဏာမသိမ်းခင်ကရော အာဏာသိမ်းပြီးနောက်မှာပါ အနောက်နိုင်ငံတွေက စစ်စခန်းဖွင့်အသုံးပြုနေကြတာကို လက်မခံခဲ့ကြပါဘူး။

**❖ နိုင်ဂျာနိုင်ငံ အာဏာသိမ်းမှုဖြစ်စဉ်ဖြစ်ပွားရတဲ့ အကြောင်းရင်းက အင်အားကြီး နိုင်ငံတွေရဲ့ ပြိုင်ဆိုင်မှု တစ်ခုတည်းမဟုတ်ပါဘူး။ ပြည်တွင်းမငြိမ်သက်မှု၊ လုံခြုံရေးအခြေအနေ၊ စီးပွားရေးကျဆင်းမှုနဲ့ အစိုးရရဲ့ စွမ်းဆောင်ရည် အားနည်းမှု စတဲ့အခြေခံအကြောင်းရင်းများစွာလည်း ပါဝင်**

**❖ လွတ်လပ်ရေးရပြီးကတည်းက နိုင်ဂျာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ ဂျီဟတ် စစ်သွေးကြွမှု၊ အကြမ်းဖက်မှုပဋိပက္ခ စတဲ့အကျပ်အတည်းတွေနဲ့ ရင်ဆိုင် နေရပါတယ်။ နိုင်ဂျာနိုင်ငံမှာ ယူရေနီယံသယံဇာတတွေ ပိုင်ဆိုင်ထားပေမယ့် နိုင်ငံရဲ့ စီးပွားရေးကတော့ ချွတ်ခြုံကျနေဆဲ**

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၉ မှ

၁၆၉ မိုင်၄ ဖာလုံအနီးမှာ စစ်ထောက်ချုပ်ယာဉ်တန်းကား ၁၀ စီးကို PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက မိုင်းခွဲတိုက်ခိုက်ခဲ့တယ်ဆိုပြီး ကြေးစားမီဒီယာပေါင်းစုံကနေ ထပ်တလဲလဲ ဖော်ပြခဲ့ကြပါတယ်။ ဒီသတင်းကို Mizzima နဲ့ Khit Thit က ဦးဆောင်ဖော်ပြပြီး ကျန်တဲ့ ကြေးစားမီဒီယာနဲ့ Facebook Page တွေ၊ အကောင့်အတုတွေကနေ ထပ်ဆင့်ဖော်ပြကြပါတယ်။ အမှန်တကယ်တော့ ဖြစ်စဉ်အမှန်က ကားလမ်းနဲ့ မီတာ ၁၀၀ လောက် ဝေးတဲ့နေရာမှာ မြောက်အိုးအကြီးစားလို့ဆိုနိုင်တဲ့ လက်လုပ်မိုင်းဖောက်ခွဲပြီး သတင်းအတု၊ သတင်းအမှား ထုတ်လွှင့်ကြတာဖြစ်ပါတယ်။ ဒါက သူတို့ရဲ့ ဝါဒဖြန့်ချိတဲ့ပုံစံ ဖြစ်ပါတယ်။

ဒီလို ပြည်ပလက်ဝေခံမီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားများဟာ သူတို့အမွှမ်းတင် ဝါဒဖြန့်ချိနေတဲ့ တော်လှန်ရေးလုပ်ရပ်အဖြစ် ပုံဖော်နေကြပေမယ့် လက်တွေ့မြေပြင်မှာတော့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်များကို ဦးတည်ပြီး ပြည်သူလူထုရဲ့အကျိုးစီးပွားကို ထိခိုက်စေတဲ့ အကြမ်းဖက်လုပ်ရပ်များ ဖြစ်နေပါတယ်။ အပြစ်မဲ့ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ သံဃာတော်တွေ၊ ကျောင်းဆရာ ဆရာမတွေနဲ့ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မရှိတဲ့ သာမန်ပြည်သူတွေကို လက်နက်အားကိုး သတ်ဖြတ်တဲ့လုပ်ရပ်တွေဟာ ကနဦးရည်ရွယ်ချက်က NUG/PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြောက်တရားပြန့်ပွားရေးမူနဲ့ သူတို့ကိုအားပေးထောက်ခံလာဖို့ လုပ်ဆောင်ခဲ့ကြတာ ဖြစ်ပါတယ်။ အထူးသဖြင့် ငါနဲ့မတူ ငါ့ရန်သူ အယူအဆနှင့် ဒလန်ခေါင်းစဉ်တပ်ပြီး လုပ်ကြံသတ်ဖြတ်မှုတွေ ပရမ်းပတာလုပ်ဆောင်လာလို့ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူအများစုက NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်သမားများအဖြစ် ရှုံ့ရှာစက်ဆုပ် ပြစ်တင်ရှုတ်ချလျက် ရှိပါတယ်။

**❂ ဒါကြောင့်လည်း အခုနောက်ပိုင်းမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ကြံသတ်ဖြတ်မှုတွေ၊ ပြည်သူကို ထိတ်လန့်ကြောက်ရွံ့အောင် ဖောက်ခွဲဖျက်ဆီးရေး လုပ်ဆောင်နေမှုတွေ၊ ခိုးဆိုးလုနှိုက် ဓားပြတိုက်မှုတွေကို ပြည်သူတွေက လက်မခံကြတော့ဘဲ သက်ဆိုင်ရာတာဝန်ရှိသူ အစိုးရလုံခြုံရေးတပ်ဖွဲ့များကို သတင်းပေး တိုင်ကြားလာကြပါတယ်။ မြို့ရွာတိုင်းမှာ တာဝန်သိပြည်သူများဟာ အစိုးရနဲ့ပူးပေါင်းပြီး ရပ်ရွာအေးချမ်းသာယာရေးကို ပူးပေါင်းလုပ်ဆောင်လာကြတာကြောင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဆိုတဲ့ အသံကြားတာနဲ့ ဝိုင်းဝန်းသတင်းပေးကြလို့ ယခုနောက်ပိုင်းဖြစ်စဉ်တွေမှာ နာရီပိုင်း၊ ရက်ပိုင်းအတွင်း အကြမ်းဖက်သမားတွေကို ဖမ်းမိလာကြတာကို သတိပြုမိကြပါလိမ့်မယ်။**

### ရိုင်းစိုင်းယုတ်မာတဲ့ အကြမ်းဖက်လုပ်ရပ်

အနီးစပ်ဆုံးဥပမာအနေနဲ့ကတော့ ဩဂုတ်လ ၁၀ ရက်နေ့ မုံရွာမြို့ ထန်းတောရပ်ကွက်က ကိုယ်ဝန်ဆောင်သည် မအေးငြိမ်းသူကို PDF အမည်ခံအကြမ်းဖက်အဖွဲ့များက ဓားပြတိုက်ပစ္စည်းယူ လူသတ်ခဲ့တဲ့ဖြစ်စဉ်ဟာ NUG အဖွဲ့ရဲ့ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များရဲ့ လူသားမဆန် ရိုင်းစိုင်းယုတ်မာတဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ ဒီသတင်းကို ပြည်ပအထောက်အပံ့ခံ ကြေးစားမီဒီယာတွေက PDF အမည်ခံ အကြမ်းဖက်သမားများရဲ့ ဆိုးရွားတဲ့ အကြမ်းဖက်သတ်ဖြတ်မှုကိုဖုံးကွယ်ဖို့ သာမန်ဓားပြတိုက်မှုအနေဖြင့်သာ ခပ်ပါးပါးသတင်းထုတ်ခဲ့ကြပေမယ့် ဖြစ်စဉ်အမှန်ဟာ ဘယ်လိုမှဖုံးဖိလို့မရတဲ့ NUG လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့တစ်ခုက ငါနဲ့မတူ ငါ့ရန်သူ အယူအဆနဲ့ သူတို့ကို မထောက်ခံသူများထံကနေ ပစ္စည်းယူလူသတ်ခဲ့တဲ့ လုပ်ရပ်ဖြစ်ကြောင်းပေါ်လွင်ခဲ့လို့ ကြားသိမြင်တွေ့ရသူတိုင်း အံ့ဩတုန်လှုပ် စိတ်မကောင်းဖြစ်ကြရပါတယ်။

ဒါကြောင့်လည်း အခုနောက်ပိုင်းမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ကြံသတ်ဖြတ်မှုတွေ၊ ပြည်သူကို ထိတ်လန့်ကြောက်ရွံ့အောင် ဖောက်ခွဲဖျက်ဆီးရေး လုပ်ဆောင်နေမှုတွေ၊ ခိုးဆိုးလုနှိုက် ဓားပြတိုက်မှုတွေကို ပြည်သူတွေက လက်မခံကြတော့ဘဲ သက်ဆိုင်ရာတာဝန်ရှိသူ အစိုးရလုံခြုံရေး တပ်ဖွဲ့များကို သတင်းပေး တိုင်ကြားလာကြပါတယ်။ မြို့ရွာတိုင်းမှာ တာဝန်သိပြည်သူများဟာ အစိုးရနဲ့ပူးပေါင်းပြီး ရပ်ရွာအေးချမ်းသာယာရေးကို ပူးပေါင်းလုပ်ဆောင်လာကြတာကြောင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဆိုတဲ့ အသံကြားတာနဲ့ ဝိုင်းဝန်းသတင်းပေးကြလို့ ယခုနောက်ပိုင်းဖြစ်စဉ်တွေမှာ နာရီပိုင်း၊ ရက်ပိုင်းအတွင်း အကြမ်းဖက်သမားတွေကို ဖမ်းမိလာကြတာကို သတိပြုမိကြပါလိမ့်မယ်။

တော်လှန်ရေးခေါင်းစဉ်နဲ့ မြန်မာပြည်ပျက်စီးရေး ဦးတည်လုပ်ဆောင်နေတဲ့ NUG/PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေဟာ သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်ကို မထောက်ခံတဲ့ NLD ပါတီဝင်တွေကိုပါ သတ်ဖြတ်လုပ်ကြံတာနဲ့ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေအချင်းချင်း စားခွက်လုကြရင်း တိုက်ခိုက်သတ်ဖြတ်မှုတွေ ဖြစ်လာတဲ့အထိ ဆိုးရွားလာတာကြောင့် ဒုတိယပါဂျောင်လို ဓာတ်တူသားစားတဲ့ အမှုတွေများလာပြီး ဟသ်ာကိုးသောင်းလို ပျက်စီးဖို့ လမ်းပေါ် ရောက်နေကြတာကိုလည်း အထင်အရှား တွေ့နေရပါတယ်။

### ဝါဒဖြန့်သတင်းတွေ

တော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ပကတိအခြေအနေတွေ ဘယ်လောက်ပဲ ဆိုးရွားနေစေကာမူ ကြေးစားမီဒီယာတွေကတော့ “ငါတို့နိုင်တော့မှာ/ ငါတို့နိုင်နေပြီ”လုပ်ကြံဇာတ်ကြောင်းနဲ့ ဝါဒဖြန့်သတင်းတွေကိုပဲ တရစပ်ထုတ်လွှင့်နေကြတာကို တွေ့ရပါတယ်။

ဒီလို ကြေးစားမီဒီယာတွေကနေ သတင်းအတု/သတင်းအမှားတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အရှိန်မြှင့်လုပ်ကြံထုတ်လွှင့်နေတာက သတင်းအမှန်မရရှိတဲ့ ပြည်သူတွေအနေနဲ့ တပ်မတော်အပေါ်ယုံကြည်မှုကျဆင်းလာအောင်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ စိတ်ဓာတ်ပျက်ပြားပြီး PDF အမည်ခံ အကြမ်းဖက်သမားတွေ စိတ်ဓာတ်တက်ကြွလာအောင်၊ အကြမ်းဖက်မှုတွေ ပိုမိုကျူးလွန်လာကြအောင် မီးထိုးယပ်ခတ်ပေးနေတာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံမှာ မြန်မာလူမျိုးတွေရဲ့ အထွတ်အမြတ်ဖြစ်တဲ့ ဗုဒ္ဓဘာသာနဲ့ သံဃာ့အဖွဲ့အစည်းကို ယိမ်းယိုင်အောင် ဆောင်ရွက်နေပြီး ပြည်သူနဲ့တပ်မတော်ကို သွေးခွဲ၊ အစွန်းရောက်သဘောတရားတွေပျံ့နှံ့အောင် ဆောင်ရွက်နေတဲ့ ကြေးစားမီဒီယာတွေရဲ့ သတင်းအတု၊သတင်းအမှားတွေ၊ ကြေးစား Think–Tank တွေ ထုတ်ပြန်နေတဲ့ သုတေသနစာစောင်တွေနဲ့ ဖွင့်လှစ်နေတဲ့ သင်တန်းတွေဟာ ငွေနောက်လိုက်ပြီး မြန်မာနိုင်ငံကို ဖျက်ဆီးဖို့ကြံနေတဲ့ ဝါဒဖြန့်ချိမှုတွေသာဖြစ်ပြီး အသိ၊ သတိနဲ့ ဆင်ခြင်နိုင်ကြရန် လိုအပ်ပါကြောင်း မီးမောင်းထိုးပြလိုက်ရပါတယ်။ ။

---

စာမျက်နှာ ၁၀ မှ

### အကျိုးစီးပွားပြိုင်ဆိုင်မှုအကျိုးဆက်

နိုင်ဂျာအာဏာသိမ်းမှုကို အင်အားသုံးဖြေရှင်းဖို့အတွက် Ecowas အဖွဲ့ခေါင်းဆောင်တွေက တပ်ဖွဲ့တစ်ရပ်အသင့်ဖွဲ့စည်းဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ Ecowas က နိုင်ဂျာအကျပ်အတည်းကို ငြိမ်းချမ်းတဲ့ နည်းလမ်းနဲ့ ဖြေရှင်းဖို့ ကြိုးစားမှာဖြစ်ပေမယ့် အဲဒီနည်းလမ်းကို နောက်ဆုံးအခြေအနေမှသာ အသုံးပြုသွားမယ်လို့ နိုင်ဂျီးရီးယားသမ္မတ ဘိုလာတီနူဘူက ဩဂုတ်လ ၁၀ ရက်နေ့က ပြောပါတယ်။ Ecowas ရဲ့ဆုံးဖြတ်ချက်ကို ပြင်သစ်နိုင်ငံက ထောက်ခံကြောင်း ဖော်ပြခဲ့ပါတယ်။ Ecowas ရဲ့ စစ်ရေးအရေးယူမှုကြောင့် ကာလရှည်ကြာ ထိပ်တိုက်တွေ့ဆုံတာတွေ ဖြစ်လာနိုင်ကြောင်း ရုရှားက သတိပေးခဲ့ပါတယ်။ အမေရိကန်ကတော့ ဖြုတ်ချခံထားရတဲ့ မိုဟာမက်ဘာဇွမ်ကို ပြန်လည်ခန့်အပ်ဖို့ကြိုးပမ်းတာတွေကိုထောက်ခံပြီး ဝဂ်နာအဖွဲ့ဟာ မတည်ငြိမ်မှုကို အခွင့်ကောင်းယူနေတယ်လို့ ပြောပါတယ်။ နိုင်ဂျာအစိုးရသစ်ကတော့ အခုဖြစ်ပွားတဲ့ အာဏာသိမ်းမှုဟာ ပြင်သစ်နဲ့ စစ်ရေးပူးပေါင်းလုပ်ဆောင်တာတွေ အားလုံးရဲ့ အဆုံးသတ်ဖြစ်ပြီး ပြင်သစ်တပ်ဖွဲ့တွေ လက်ခံထားတာကိုလည်း ဖျက်သိမ်းသွားမယ်လို့ ဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နိုင်ဂျာနိုင်ငံရဲ့ဖြစ်စဉ်အပေါ် အာဏာရှင်ဟောင်း ပြင်သစ်နိုင်ငံအပါအဝင် အင်အားကြီးနိုင်ငံတွေရဲ့ ခြေရှုပ်နေမှုဟာ ထင်သလောက်မရိုးရှင်းပါဘူး။ နိုင်ဂျာပြည်သူတွေရဲ့ အကျိုးစီးပွားအတွက် မဟုတ်သလို ဒီမိုကရေစီထွန်းကားရေးအတွက်လည်း မဟုတ်ပါဘူး။ သူတို့ အကျိုးစီးပွားအတွက်သာ ဖြစ်ပါတယ်။

လွတ်လပ်ရေးရပြီးကတည်းက နိုင်ဂျာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ ဂျီဟတ်စစ်သွေးကြွမှု၊ အကြမ်းဖက်မှုပဋိပက္ခ စတဲ့ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရပါတယ်။ နိုင်ဂျာနိုင်ငံမှာ ယူရေနီယံ သယံဇာတတွေ ပိုင်ဆိုင်ထားပေမယ့် နိုင်ငံရဲ့ စီးပွားရေးကတော့ ချွတ်ခြုံကျနေဆဲပါပဲ။ အခုဖြစ်စဉ်ကို အကြောင်းပြပြီး Ecowas က စစ်ရေးအရ ဝင်ရောက်စွက်ဖက်မယ်ဆိုရင် နိုင်ဂျာနိုင်ငံဟာ ပိုမိုဆိုးရွားတဲ့ အခြေအနေတွေနဲ့ ဆက်ပြီးရင်ဆိုင်ရဦးမှာပါ။ နိုင်ဂျာပြည်သူတွေကတော့ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မယ်ဆိုတဲ့ Ecowas ရဲ့ ဆုံးဖြတ်ချက်ကို ဒေါသတကြီး တုံ့ပြန်နေကြပါတယ်။

အခုဆိုရင် နိုင်ဂျာနိုင်ငံဟာ ပြည်တွင်းပြဿနာတွေအပြင် အင်အားကြီးနိုင်ငံတွေရဲ့ စွက်ဖက်မှုအောက် ရောက်နေပါတယ်။ ကမ္ဘာမှာ ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေး၊ ဈေးကွက်စီးပွားရေးစနစ်ဆိုတာတွေဟာ လူသားတစ်ဦးချင်းနဲ့ လူ့အဖွဲ့အစည်းအတွက် အကျိုးရှိကြပါတယ်။ ဒါပေမယ့်လည်း အင်အားကြီးနိုင်ငံအချို့ဟာ ဒီမိုကရေစီတွေ၊ လူ့အခွင့်အရေးတွေကို အသုံးချပြီး နိုင်ငံငယ်တွေအပေါ် လွှမ်းမိုးအသုံးချဖို့ ကြိုးစားနေကြပါတယ်။ ခေတ်သစ်ကိုလိုနီစနစ်ရဲ့ နည်းလမ်းတစ်ခုလို့ ဆိုနိုင်ပါတယ်။ အဲဒီလို ကြီးနိုင်ငယ်ညှဉ်း ဖြစ်စဉ်တွေရှိနေသမျှ ကမ္ဘာကြီးမှာ ပဋိပက္ခတွေ၊ တင်းမာမှုတွေနဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေ ရှိနေဦးမှာ ဖြစ်ပါတယ်။ ။

**ကိုးကား**

၁။ https://www.bbc.com/news/world-africa-13943662

၂။ https://en.wikipedia.org/wiki/Niger

၃။ https://www.aa.com.tr/en/africa/western-military-presence-in-niger-faces-uncertainty-following-coup/2959863

၄။ https://www.bbc.com/news/world-africa-66365376

---

## မူဆယ်မြို့ မောက်ကောန်(မြေနီကုန်း) ကွန်ကရစ်လမ်းသစ်ဖွင့်



**မူဆယ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ဩဂုတ် ၁၈ ရက်က ကောင်းမှုတံုရပ်ကွက် မြို့နယ်စည်ပင်သာယာရေးဌာန ရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေစုစုပေါင်း ၂၅၀၁ သိန်းဖြင့် ဆောင်ရွက်ခဲ့သော မောက်ကောန် (မြေနီကုန်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးနိုင်ဦးက ကွန်ကရစ်လမ်းခင်းခြင်း အရှည် ၂၁၆၅ ပေ၊ အကျယ် ၁၈ ပေ၊ ထု ရှစ်လက်မ ရှိကာ ဂရိတ်ဟော်ခမ်းကုမ္ပဏီလီမိတက်မှ တစ်လအတွင်း ပြီးစီးအောင် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းလမ်းခင်းစရိတ်ကုန်ကျငွေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ရရှိသော ငွေကျပ် ၁၀၂၄ သိန်း၊ မူဆယ်မြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ၆၃၅ ဒသမ ၇၈သိန်း၊ ကွန်ကရစ်ဖျော်စက်လုပ်ငန်းရှင်များမှ လှူဒါန်းငွေ ၂၀၄ သိန်း၊ ဂရိတ်ဟော်ခမ်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ လှူဒါန်းငွေ ၅၀၁ သိန်း၊ မြို့ပေါ် အလှူရှင်များမှ လှူဒါန်းငွေ ၁၃၆ ဒသမ ၂၂ သိန်း စုစုပေါင်း ၂၅၀၁ သိန်း ကုန်ကျခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကွန်ကရစ်လမ်းဖွင့်ပွဲအတွက် ပါဝင်လှူဒါန်းခဲ့သော စေတနာရှင်အလှူရှင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ဇော်မင်းထက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ပင်မဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၉



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်လျက်ရှိသော စက်ရုံများမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ ပျဉ်းမနားပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ နေပြည်တော်-၂ ပင်မဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

အဆိုပါ ခွဲရုံများသို့ရောက်ရှိစဉ် တာဝန်ရှိသူများက ခွဲရုံနှင့်ပတ်သက်သော အချက်အလက်များ၊ လျှပ်စစ်ဓာတ်အားသယ်ဆောင်နိုင်မှု၊ ဓာတ်အားထုတ်လုပ်သောစက်ရုံများမှ ဓာတ်အားဝင်ရောက်မှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် အဓိကကျသည့် ခွဲရုံဖြစ်သည့်အားလျော်စွာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး ဦးစားပေးဆောင်ရွက်ရန်၊ ခွဲရုံ၏ ဓာတ်အားဖြန့်ဝေမှု/လက်ခံမှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရေး တည်ဆောက်ထားရှိသော သတင်းပို့စနစ်ကို အလေးထားလိုက်နာဆောင်ရွက်ရန်နှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ်နေသည့် ပင်မဓာတ်အားခွဲရုံများဖြစ်သဖြင့် တည်ငြိမ်ပြီး ဗို့အားပြည့်ဝစွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် Line Losses လျော့နည်းကျဆင်းရေး၊ ခွဲရုံကြံ့ခိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပုံမှန်ထိန်းသိမ်းစစ်ဆေးဆောင်ရွက်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားခွဲရုံအတွင်းရှိ ထရန်စဖော်မာများ၊ Switchgear နှင့် အခြားခွဲရုံသုံးပစ္စည်းများကို စဉ်ဆက်မပြတ် ထိန်းသိမ်းစစ်ဆေးဆောင်ရွက်ရေး တို့ကိုမှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားထိန်းချုပ်ဖြန့်ဖြူးပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စပါးခွံလောင်စာသုံး Gasifier လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၁၉**



စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက် (Gasifier) နည်းပညာပိုင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ နာယကနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဓာတုအင်ဂျင်နီယာ အထူးပြုဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ လျှပ်စစ်အင်ဂျင်နီယာ လုပ်ငန်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်နှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင် သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ဒေသထွက် ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေးဟု သတ်မှတ်ပြဋ္ဌာန်းထားကြောင်း၊ ထုတ်လုပ်မှုကို မြှင့်တင်ရာတွင် အဓိကသွင်းအားစုကြီးဖြစ်သည့် လျှပ်စစ်စွမ်းအင်သည် အလွန်အရေးကြီးကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိမှသာ စဉ်ဆက်မပြတ် လည်ပတ်ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် မိမိတို့နိုင်ငံတွင် ပေါများစွာရရှိသော စိုက်ပျိုးရေး ဘေးထွက်ပစ္စည်းဖြစ်သည့် စပါးခွံကိုသုံး၍ တစ်ပိုင်တစ်နိုင် လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးမြှင့်တင်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် စပါးအထွက်များသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စပါးခွံဓာတ်ငွေ့လောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ပြင် စပါးခွံလောင်စာသုံး Gasifier လုပ်ငန်းများ လည်ပတ်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ စဉ်ဆက်မပြတ် လည်ပတ်နိုင်ခြင်း၊ လောင်စာအတွက် ကုန်ကျစရိတ်မရှိခြင်း၊ ထုတ်လုပ်မှုစရိတ် သက်သာခြင်း၊ ဘေးထွက်ပစ္စည်းများကို စိုက်ပျိုးရေးတွင် ပြန်လည်အသုံးပြုနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းခြင်း၊ Green House gas emission လျော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခဲ့ကြောင်း၊ ပြည်တွင်း၌ အသုံးပြုနေသည့် Gasifier အနေဖြင့် ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာများ ရရှိရေး စက်မှုပညာရှင်၊ ဓာတုဗေဒပညာရှင်နှင့် လျှပ်စစ်ပညာရှင်များ ပေါင်းစပ်ဆောင်ရွက်ပြီး ဖြည့်ဆည်းပေးရန်နှင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဒုတိယဥက္ကဋ္ဌက Myanmar Gasifier Working Group ဖွဲ့စည်းမည့် အစီအမံများကို လည်းကောင်း၊ ဓာတုအင်ဂျင်နီယာလုပ်ငန်းအဖွဲ့ဝင်က Gasifier အသုံးပြုသည့် စက်ရုံ/အလုပ်ရုံများအတွက် နည်းပညာဆိုင်ရာ ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရွှေလင်ပန်းစက်မှုဇုန်ရှိ ရောဝတီဆီစက် (ဝဲပုံ) နှင့် ရွှေပြည်သာစက်မှုဇုန်ရှိ ပတ္တမြားဆီစက်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင်များက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်မှု၊ ကုန်ကြမ်းရရှိမှုနှင့် ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆီထွက်သီးနှံများ ကြိတ်ခွဲရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ ပြောကြားပြီး ဆီထွက်သီးနှံများ ကြိတ်ခွဲနေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်၌ ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် အသိပညာပေးဆွေးနွေး

**တောင်ကြီး ဩဂုတ် ၁၉**

ရှမ်းပြည်နယ် အခွန်ဦးစီးဌာနမှူးရုံး၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရမည့် လုပ်ငန်းငါးမျိုး၏ လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်း ဆွေးနွေးခြင်းများကို ဩဂုတ် ၁၂ ရက်မှ ၁၈ ရက်အထိ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအလိုက် ဆောင်ရွက် သည်။



အဆိုပါ ဆွေးနွေးပွဲများတွင် လုပ်ငန်းရှင်များအနေဖြင့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားသော ပြေစာများကို မဖြစ်မနေထုတ်ပေးရန်နှင့် လိုက်နာမှုမရှိပါက စားသုံးသူများက တိုင်ကြားနိုင်ပြီး တိုင်ကြားမှုအတွက် ဆုကြေးငွေများ ထုတ်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် အသိပေး နှိုးဆော်ထားပြီးဖြစ်ကြောင်း၊ လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်းတို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးရာ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြောင်းနှင့် မြို့နယ်အသီးသီးမှ လုပ်ငန်းရှင် စုစုပေါင်း ၁၀၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြာအင်းဆိပ်ကြီး၌ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ် လှုပ်ရှားမှုဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၉**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းရွှေဒိုးကျေးရွာအုပ်စုတွင် တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လှုပ်ရှားမှုရက်သတ္တပတ်အဖြစ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ၌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးလွင်တို့က ကျွဲ၊ နွား၊ ဝက်များတွင် ဖြစ်ပွားတတ်သည့် ရောဂါလက္ခဏာများ ကြိုတင်ကာကွယ်ကုသရေးနည်းလမ်းများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဝန်ထမ်းများက တောင်သူများမွေးမြူထားရှိသည့် နွားကောင်ရေ ၂၂၀ နှင့် ဝက်ခြံ ၁၀ ခြံတို့ကို ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး**

# အနာဂတ်ကို အတူတကွရင်ဆိုင်သွားလိုကြောင်း အမေရိကန်၊ ဂျပန်နှင့် တောင်ကိုရီးယားခေါင်းဆောင်များပြောကြား

**ဝါရှင်တန် ဩဂုတ် ၁၉**

ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့မှ ခေါင်းဆောင်များသည် နိုင်ငံတကာအစည်းအဝေးများအတွင်း ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ သို့သော်လည်း ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါ၊ တောင်ကိုရီးယားသမ္မတ ယွန်ဆက်ယိုးလ်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် အနာဂတ်ကို အတူတကွရင်ဆိုင်သွားလိုကြောင်း ပြောကြားသည်။



အဆိုပါ ခေါင်းဆောင်များသည် မိတ်ဖက်ဆက်ဆံရေး ခိုင်မာအားကောင်းစေရေးနှင့် ပတ်သက်ပြီး ၎င်းတို့၏ သုံးပွင့်ဆိုင်ထိပ်သီးအစည်းအဝေးတစ်ခု၌ ပထမဆုံးအကြိမ်အဖြစ် ဩဂုတ် ၁၈ ရက်တွင် စုရုံးတွေ့ဆုံခဲ့ကြောင်းနှင့် သမ္မတဘိုင်ဒင်က အရေးပါဆုံး အာရှမဟာမိတ်နိုင်ငံများကို မေရီလန်းပြည်နယ် Camp David သမ္မတအပန်းဖြေစခန်းတွင် ကြိုဆိုခဲ့ကြောင်း သိရသည်။

ဒေသတွင်း လုံခြုံရေးခြိမ်းခြောက်မှုကဲ့သို့သော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အတူတကွ လုပ်ဆောင်ကြရန် ပိုမိုခိုင်မာအားကောင်းသည့် ကတိကဝတ်ကို ချမှတ်ရမည်ဖြစ်ကြောင်း သမ္မတယိုးလ်က ပြောသည်။ ထို့အပြင် ကီရှီဒါကလည်း သမိုင်းသစ်ကို ဖန်တီးနေသည်ဟု ယုံကြည်ကြောင်း ပြောသည်။

ဒေသတွင်းစိန်ခေါ်မှုများကို တုံ့ပြန်ဆောင်ရွက်ရာတွင် ၎င်းတို့၏ အစိုးရများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သွားရန်အတွက် ခေါင်းဆောင်များက ကတိပြုခဲ့ကြသည်။ ထို့အပြင် အရေးပေါ်တယ်လီဖုန်းလိုင်း ထားရှိရန်၊ ဒုံးကျည်ကာကွယ်ရေးတွင် အတူတကွပိုမိုလုပ်ဆောင်ရန်နှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တိုးချဲ့ရန်အတွက်လည်း သဘောတူခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**

# ဖွံ့ဖြိုးရေးစီမံကိန်းပေါင်း ၃၅၀၀ ကျော် အာဖဂန်နစ္စတန် စတင်လုပ်ဆောင်

**ကဘူးလ် ဩဂုတ် ၁၉**

အာဖဂန် အာဏာပိုင်များသည် ပြီးခဲ့သည့်နှစ်အတွင်း နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းပေါင်း ၃၅၇၅ ခုကို အကောင်အထည်ဖော်ခဲ့ကြောင်း စီးပွားရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဒေသတွင်း ရုပ်မြင်သံကြား သတင်းဌာနတွင် ဖော်ပြသည်။

တိုလိုနယူးစ်၏ အဆိုအရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံတန်ဖိုးရှိ အဆိုပါ စီမံကိန်းများကို ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စွမ်းအင်ကဏ္ဍများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် အတွင်းတွင်လည်း ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ထပ်မံအကောင်အထည်ဖော်နေပြီး အဆိုပါ စီမံကိန်းများအနက် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ လမ်းများ၊ ဆည်များနှင့် အခြားသော အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းတို့ ပါဝင်ကြောင်း၊ ယခင်နှစ်များနှင့် နှိုင်းယှဉ်မည်ဆိုပါက ယခုနှစ်တွင် ပွင့်လင်းမြင်သာစွာဖြင့် ဘဏ္ဍာငွေပိုမိုသုံးစွဲမည်ဖြစ်ကြောင်း အာဖဂန်အိမ်စောင့်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူဂျာဟစ်က ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် ပြောကြားချက်ကို တိုလိုနယူးစ်က ကိုးကားဖော်ပြသည်။

အထူးသဖြင့် အာဖဂန်တွင် ရေကာတာများနှင့် အခြားရေကာတာ စီမံကိန်းအသစ်များ ဆောက်လုပ်နေဆဲ ဖြစ်သည်။ နိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် စီမံကိန်းလုပ်ငန်းပေါင်း ၄၁၁ ခုကို အကောင်အထည်ဖော်ရန်အတွက် စွမ်းအင်နှင့် ရေအရင်းအမြစ်ဝန်ကြီးဌာနသည် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၅ သန်းကို ခွဲဝေချထားပေးခဲ့ကြောင်း တိုလိုနယူးစ်တီဗွီက ဩဂုတ် ၁၈ ရက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# ယီမင်နိုင်ငံ၏ ကူညီရေးအစီအစဉ်များအတွက် ရန်ပုံငွေပြတ်လပ်မှု ဆိုးဆိုးရွားရွားကြုံတွေ့နေရဟု ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ပြော

**အေဒင် ဩဂုတ် ၁၉**

စစ်ပွဲများကြောင့် ထိခိုက်နေသည့် ယီမင်နိုင်ငံတွင် အစားအသောက် အကူအညီပေးရေး အစီအစဉ်များ၌ ရန်ပုံငွေပြတ်လပ်မှု ဆိုးဆိုးရွားရွား ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ် (WFP) က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

လာမည့်ခြောက်လအတွက် ရန်ပုံငွေရရှိမှု နည်းပါးနေသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သည် စက်တင်ဘာလကုန်တွင် ယီမင်နိုင်ငံအတွင်း ၎င်းတို့၏ အကူအညီများကို ဖြတ်တောက်ရတော့မည် ဖြစ်သည်။ ၎င်းတို့၏ အကူအညီများထဲတွင် အစားအသောက် ဖြန့်ဝေမှုနှင့် စာသင်ကျောင်းများတွင် ကျွေးမွေးမှုများပါဝင်သည်။ လတ်တလောတွင် ယီမင်နိုင်ငံရှိ လူပေါင်း ၁၃ ဒသမ ၁ သန်းမှာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အစားအသောက် ဖြန့်ဝေမှုအပေါ် မှီခိုနေရသည်။



သို့သော်လည်း ရန်ပုံငွေ ပိုမိုမရရှိပါက ယီမင်နိုင်ငံမြောက်ပိုင်းရှိ လူပေါင်းသုံးသန်းနှင့် တောင်ပိုင်းရှိ ၁ ဒသမ ၄ သန်းတို့မှာ အစားအသောက်ဖြန့်ဝေမှုလျှော့ချခြင်းနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ ယီမင်နိုင်ငံသည် ၂၀၁၄ ခုနှစ်မှစတင်ကာ ဆိုးရွားသည့် ပြည်တွင်းစစ်နှင့် ရင်ဆိုင်ခဲ့ရပြီး ဟူသီသူပုန်များနှင့် အစိုးရတို့ကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

စစ်ပွဲကြောင့် ယီမင်နိုင်ငံ၏ အစားအသောက် ထောက်ပံ့ရေး စနစ်ပျက်ယွင်းခဲ့ရပြီး ငတ်မွတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့ရသည်။ **ဆင်ဟွာ**

# ဟာဝိုင်ယီတောမီးကြောင့် သေဆုံးသူ ၁၁၄ ဦးရှိပြီး သေဆုံးသူထပ်မံတိုးလာနိုင်

**လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၉**

အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီပြည်နယ် မော်ဝီ တောမီးကြောင့် ဩဂုတ် ၁၈ ရက်အထိ သေဆုံးသူ ၁၁၄ ဦး ရှိလာခဲ့ပြီး သဘာဝဘေးအန္တရာယ် ဖြစ်ပွားသည့် ဧရိယာ၏ ၆၀ ရာခိုင်နှုန်းကျော်တွင် ရှာဖွေမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း အာဏာပိုင်များက ပြောသည်။

သဘာဝဘေးဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူ အရေအတွက်မှာ နေ့စဉ်တိုးလာမည်ဟု ခန့်မှန်းရပြီး ဒုက္ခသည်များကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ဟာဝိုင်ယီပြည်နယ်အုပ်ချုပ်ရေးမှူး ဂျို့ရှ် ဂရင်းက ရုပ်မြင်သံကြား မိန့်ခွန်းတစ်ရပ်တွင် ပြောကြားခဲ့သည်။

အဆောက်အအုံပေါင်း ၂၂၀၀ ကျော်နှင့် နောက်ထပ် အိမ်ခြေ ၅၀၀ ပျက်စီးခဲ့သဖြင့် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၆ ဘီလီယံနီးပါးရှိကြောင်း၊ မော်ဝီတွင် ပျက်စီးဆုံးရှုံးမှု၏ အတိုင်းအတာကို စကားလုံးများဖြင့် ဖော်ပြရန်ပင်ခက်ခဲကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ယခုအခါ ရှာဖွေကယ်ဆယ်ရေးလုပ်သား ၄၇၀ ခန့်နှင့် ရှာဖွေရေးခွေး ၄၀ ခန့်က မီးလောင်ခံရသော အဆောက်အအုံများကို ဝင်ရောက်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း ၎င်းကဆိုသည်။ **ဆင်ဟွာ**



မော်ဝီတောမီးကြောင့် မီးလောင်ပျက်စီးသွားသည့် အဆောက်အအုံများကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။

# ကွန်ဂိုနိုင်ငံရှိကလေးငယ်များ အဆိုးရွားဆုံး ကာလဝမ်းရောဂါနှင့် ရင်ဆိုင်နေရ

**ဂျီနီဗာ ဩဂုတ် ၁၉**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်းတွင် ပဋိပက္ခများနှင့် နေရပ်စွန့်ခွာထွက်ပြေးမှုများ မြင့်မားနေသည့်အတွက် ၂၀၁၇ ခုနှစ်မှစတင်ကာ ကလေးငယ်များအတွက် အဆိုးရွားဆုံး ကာလဝမ်းရောဂါ အကျပ်အတည်းသို့ တွန်းပို့နေသည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) က ဩဂုတ် ၁၈ ရက်တွင် ပြောသည်။

ယခုနှစ် ခုနစ်လတာကာလအတွင်း နိုင်ငံတစ်ဝန်း ကာလဝမ်းရောဂါဟု အတည်ပြုပြီးသူ ၃၁၃၄၂ ဦး ရှိပြီး သေဆုံးသူ ၂၃၀ ရှိသည်။ ၎င်းတို့ထဲမှအများစုမှာ ကလေးများဖြစ်ကြသည်။ မြောက်ပိုင်းကီဗူးဒေသတွင် ရောဂါဖြစ်ပွားမှုနှုန်းမှာ အဆိုးဆုံးဖြစ်နေပြီး ကာလဝမ်းရောဂါ ကူးစက်မှုပေါင်း ၂၁၄၀၀ ရှိသည်။ ၎င်းတို့ထဲမှ ၈၀၀၀ မှာ အသက်ငါးနှစ်အောက် ကလေးများဖြစ်ကြသည်ဟု ယူနီဆက်ဖ်က ပြောသည်။ ၂၀၂၂ခုနှစ်တွင် ကာလဝမ်းရောဂါဖြစ်ပွားသူ ၅၁၂၀ ရှိပြီး ၎င်းတို့ထဲမှ ၁၂၀၀ မှာ မြောက်ပိုင်းကီဗူးဒေသရှိ ငါးနှစ်အောက် ကလေးငယ်များဖြစ်ကြသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသည် အာဖရိကတွင် ရွှေ့ပြောင်းနေထိုင်မှုပြဿနာ အဆိုးဆုံးဖြစ်ပြီး နိုင်ငံတစ်ဝန်း ရွှေ့ပြောင်းနေထိုင်သူ ၆ ဒသမ ၃ သန်းကျော်ရှိသည်။ ၂၀၂၃ခုနှစ် ဇန်နဝါရီလမှစတင်ကာ ကီဗူးဒေသမှ ရွှေ့ပြောင်းနေထိုင်သူ ၁ ဒသမ ၅ သန်းရှိပြီး ၎င်းထို့ထဲမှ ၈၀၀၀၀၀ ကျော်မှာ ကလေးများ ဖြစ်ကြသည်ဟု ယူနီဆက်ဖ်ကပြောသည်။

ရွှေ့ပြောင်းနေထိုင်သူများ နေထိုင်ရာစခန်းများတွင် လူများပြည့်ကျပ်နေပြီး ကာလဝမ်းရောဂါ ကူးစက်မှုကို ပိုမိုဖြစ်ပေါ်စေသည်။ ကာလဝမ်းရောဂါဖြစ်ပွားမှုများသည့် ဒေသများတွင် နေထိုင်ကြသူများသည် အာဟာရချို့တဲ့ခြင်းနှင့် ကာကွယ်ဆေးလက်လှမ်းမမီခြင်းတို့ကြောင့်လည်း ရောဂါဖြစ်ပွားမှု ပိုမိုများပြားစေသည်ဟု လေ့လာမှုများက ဖော်ပြနေသည်။ **ဆင်ဟွာ**

# (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက်တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲစတုတ္ထနေ့ မြန်မာနိုင်ငံမှဆက်လက်ပါဝင်ပြသ

**နေပြည်တော် ဩဂုတ် ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Dianchi International Convention and Exhibition Center ၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက်တရုတ် (ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲ စတုတ္ထနေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံပြခန်းဆောင်၌ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါက်တာသက်လွင်ဦးက မြန်မာနိုင်ငံ၏ သမိုင်းကြောင်း၊ လှပသောသဘာဝရှုခင်းများနှင့် မြန်မာ့ထွက်ကုန်ပစ္စည်းများအကြောင်းကို မိတ်ဆက်ပြောကြားပြီး (ယာပုံ) ယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေခဲ့ရာ ကြည့်ရှုသူပရိသတ်များ၊ ပြခန်းဆောင်အတွင်း ပြသထားသည့် မြန်မာ့ခရီးသွားနေရာများကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ မြန်မာပြခန်းများ၌ ရောင်းချလျက်ရှိသည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများကို ကြိုက်နှစ်သက်ကြ၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသကဲ့သို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများက တရုတ်လုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားကြပြီး မြန်မာနှင့်တရုတ်လုပ်ငန်းရှင်များအကြား ကုန်ပစ္စည်းများ တင်ပို့တင်သွင်းရေးနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့ကြသည်။

ထို့ပြင် ကုန်စည်ပြပွဲတွင် ပါဝင်ပြသနေသည့် မြန်မာလုပ်ငန်းရှင်များသည် ကူမင်းမြို့ရှိ China South Asia Southeast Asia Cross Border e-commerce Industry Center သို့ သွားရောက်လေ့လာခဲ့ကြသည်။ အဆိုပါ Center သည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများမှ ကုန်စည်များကို Live Sale ရောင်းချပေးနေသော နေရာဖြစ်ပြီး



မြန်မာလုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်ပစ္စည်းနမူနာများကို ပါဝင်ပြသကြသည်။ Center တွင် မြန်မာနိုင်ငံမှ ထွက်ရှိသော ကုန်ပစ္စည်းများကို Live Sale ရောင်းချနိုင်သည့် Broadcast Room တစ်ခုကိုလည်း ဖွင့်လှစ်ထားသည်ကို လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ရှိ ရေခဲတောင်တက်ခရီးစဉ်သို့သွားရောက်ရန် ကြိုတင်စာရင်းပေးထားသူ များပြားနေ

ရန်ကုန် ဩဂုတ် ၁၉

**လာမည့်ပွင့်လင်းရာသီတွင် ကချင်ပြည်နယ်ရှိရေခဲတောင်တက်ခရီးစဉ်ကိုသွားရောက်လိုသည့် ပြည်တွင်းခရီးသွားများ များပြားနေပြီး ယခုဩဂုတ်လကတည်းက ကြိုတင်စာရင်းပေးထားသူများပြားနေကြောင်း ကချင်ပြည်နယ်ဒေသခံ ခရီးသွားလမ်းညွှန်ထံမှ သိရသည်။**



ကချင်ပြည်နယ် အတွင်းရှိ ရေခဲတောင်တက်ရန်နှင့် ကချင်ပြည်နယ်၏ အလှအပများကို ခံစားနိုင်ရန်အတွက် ရေခဲတောင်တက်ခရီးစဉ်များကို သွားရောက်ကြမည်ဖြစ်ပြီး ဩဂုတ် ၁၉ ရက်အထိရေခဲတောင်တက် ခရီးစဉ်သွားရန်အတွက် ကြိုတင်စာရင်းပေးထားသူ ၄၀ နီးပါး ရှိပြီဖြစ်သည်ဟု ဆိုသည်။

"လာမယ့် ပွင့်လင်းရာသီဖြစ်တဲ့ စက်တင်ဘာလကနေ ဒီဇင်ဘာလအတွင်း ကချင်ပြည်နယ်မှာရှိတဲ့ ရေခဲတောင်တွေကိုတက်ဖို့ ရေခဲတောင်တက်ခရီးလာရောက်မယ့် ခရီးသွားတွေရှိပါတယ်။ အခုဩဂုတ်လမှာကတည်းက ကျွန်တော်တို့ကို ကြိုတင် စာရင်းပေးထားတာတွေရှိပါတယ်။ အခုဆိုရင် ရေခဲတောင်တက် ခရီးသွားမယ့်သူ ၄၀ နီးပါးလောက် စာရင်းပေးထားပါတယ်။ ပြည်တွင်းခရီးသွားတွေချည်းပါပဲ။ ပြည်ပခရီးသွားတွေလည်း ရေခဲတောင်တက်ဖို့စိတ်ဝင်စားကြပြီး အခုချိန်အထိတရားဝင်ခွင့်ပြုချက်မပေးသေးလို့ မလာရောက်ကြသေးတာပဲ ရှိတယ်။ လာချင်လို့ ကျွန်တော်တို့ကို ချိတ်ဆက်ကြတဲ့ နိုင်ငံခြားသားတွေလည်းရှိနေပါတယ်။ လာခွင့်ပြုမယ်ဆိုရင် တော်တော်များများလာကြလိမ့်မယ်လို့ ထင်ပါတယ်" ဟု ကချင်ဒေသခံ ခရီးသွားလမ်းညွှန် ကိုဆန်းနိုင်ဇေလီယားက ပြောသည်။

ကချင်ပြည်နယ်၌ ရေခဲတောင်အများအပြားရှိပြီး အဆိုပါရေခဲတောင်များအနက် ရေခဲတောင်တက်ခရီးစဉ်အဖြစ် ဖုန်ကန်ရာဇီရေခဲတောင်ကို အများဆုံးသွားရောက် တက်လေ့ရှိပြီး စွန့်စားလိုသည့်သူများ အနေဖြင့် ခါကာဘိုရာဇီ ရေခဲတောင်ကိုလည်း သွားရောက်လေ့ရှိသည်ဟု ဆိုသည်။

ရေခဲတောင် တက်လိုသူများအနေဖြင့် ရေခဲတောင်တက်နိုင်ရန် သက်လုံကောင်းအောင် ကျန်းမာရေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရမည်ဖြစ်ပြီး လမ်းခရီးလုံခြုံရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဒေသခံခရီးသွားလမ်းညွှန်များနှင့် ဒေသခံများ ပြောကြားသည့် ဆောင်ရန်၊ ရှောင်ရန် အချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**TC**

**ဓာတ်ပုံ - ဖုန်ကန်**

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၁၉**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ကျောက်ဖြူမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချ ပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရသေ့တောင်မြို့၌ စိုက်ပျိုးရေးအသိပညာပေး သဘာဝဓာတ်မြေဩဇာပြုလုပ်သုံးစွဲနည်း သရုပ်ပြ

**ရသေ့တောင် ဩဂုတ် ၁၉**

ရခိုင်ပြည်နယ် စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ မြေ / မျိုး/ပိုးမွှားတာဝန်ခံများနှင့် ရသေ့တောင်မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များပူးပေါင်း၍ ရသေ့တောင်မြို့နယ်အတွင်း ကျေးရွာ ၁၉ ရွာမှ တောင်သူ ၆၇ ဦးအား စိုက်ပျိုးရေးအသိပညာပေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၉ ရက်က ပြုလုပ်သည်။

တောင်သူများအား မြေအသုံးချရေးတာဝန်ခံက ယူရီးယားတီစူပါနှင့် ပိုတက်ချ်ကို စနစ်တကျသုံးစွဲရန်နှင့် စူပါဘိုကာရှီ မြေဩဇာပြုလုပ်သုံးစွဲနည်းအကြောင်းကို လက်တွေ့ပြသသည်။ ထို့နောက် သီးနှံကာကွယ်ရေးတာဝန်ခံက ထောက်ပံ့စပါးမျိုးများတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများအကြောင်းကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်ဝင်းမောင်က မိုးစပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ထောက်ပံ့မျိုးများစစ်တမ်းကောက်ယူရမည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။ **ထွန်းလင်းကျော် (ရသေ့တောင်)**



❖ *ကျောဖုံးမှ*

ကောင်လေဟော်က အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ချေပဂိုးနှင့် ဝေးခဲ့ရသည်။ မြန်မာအသင်းခံစစ်မှာ ယခုပွဲတွင်လည်း အမှားများဆဲဖြစ်ပြီး ကမ္ဘောဒီးယားအသင်းက အခွင့်အရေးများ ထပ်ရသော်လည်း အသုံးမချနိုင်သဖြင့် သက်သာခဲ့ရသည်။ မြန်မာအသင်းအတွက် ချေပဂိုးကို ၈၈ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက သွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် အုပ်စု (က) ၌ ထိုင်းအသင်းက ခြောက်မှတ်၊ ကမ္ဘောဒီးယား အသင်းက လေးမှတ်၊ မြန်မာအသင်းက တစ်မှတ်ရရှိထားကာ ဘရူနိုင်းအသင်းမှာမူ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၂၁ ရက်တွင် ဘရူနိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-CFF**

# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ

*(ယမန်နေ့မှအဆက်)*

## (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "မဟာဂီတ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) စုံသာမြိုင်လယ် (သီချင်းခံ)
- (ခ) ခွာပြာသင်း (ပတ်ပျိုး)
- (ဂ) စိန်မြရုံခြယ် (မွန်)
- (ဃ) ကုန်းဘောင်နေမင်း (ပတ်ပျိုးလတ်)
- (င) အောင်မြေသာဇံ (ပတ်ပျိုး)
- (စ) ကြို့ညိုစံရာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ခ) ဒီပါအေးမြ (ပတ်ပျိုး)
- (ဂ) ဖြူပြာမှုယာ (ပတ်ပျိုး)
- (ဃ) သောင်းရွှေ့လယ် (ယိုးဒယား)
- (င) ကောင်းချီးသခၤါ (မွန်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) သီလာဝေယံ (ပတ်ပျိုး)
- (ခ) မြူဝန်းလို့ခို (ပတ်ပျိုး)
- (ဂ) အောင်မင်္ဂလာ (ယိုးဒယား)
- (ဃ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

၄။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဆီးနှင်းပြိုက်ကျ (ကြိုး)
- (ခ) ဆင့်ရရှင့်ငယ်လေ (ပတ်ပျိုး)
- (ဂ) ဆောင်ဝဇီယာ (ပတ်ပျိုး)
- (ဃ) အိုသာတင့်ဆုံး (ယိုးဒယား)

၅။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
- (က) ဩဘာမင်္ဂလာ (ဘွဲ့)
- (ခ) ဇေယျာအောင်သံ (ပတ်ပျိုး)
- (ဂ) ပန်းတသင်းသင်း (ပတ်ပျိုး)
- (ဃ) မြိုင်ဟေမာ (ယိုးဒယား)

## "ခေတ်ဟောင်းတေး/ ကာလပေါ်တေးများ" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)
- (က) ရွှေသဇင် (ဂီတလုလင်ဦးကိုကို)
- (ခ) စွဲမက်ပါတဲ့အာရုံ (ဥဩဘသောင်)
- (ဂ) ညီတော်မင်းနန် (ဝင်းဦး)
- (ဃ) ဆင်ကြီးဂဠုန်ချီ (ပျော်တော်ဆက်တင်အောင်)
- (င) ဘုံဓမ္မတာ (ဥဩဘသောင်)
- (စ) မင်္ဂလာတော် (ဥဩဘသောင်)
- (ဆ) ပန်းစုံတဲ့တော (ခင်မောင်ရင်)
- (ဇ) မာန် (ဂီတလုလင်ဦးကိုကို)

၂။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသမီး)
- (က) တောင်သူပျို (ဒေါ်ကြည်အောင်)
- (ခ) မဟာတြိရတနာ (ရီရီသန့်)
- (ဂ) စာဆိုခံလလုံး (မာမာအေး)
- (ဃ) သုံးဆယ့်ရှစ်ဖြာမင်္ဂလာ (ကြည်ကြည်ငွေး)
- (င) မေတ္တာဝေသံဆန်း (ဝင်းဦး)
- (စ) စည်တော်ကြီး (မာမာအေး)
- (ဆ) ပျံ့သန်းရမည့်နေ့ (စိန်စိန်မြိုင်)
- (ဇ) ပြိုင်ပွဲကြီး (ထား)

၃။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
- (က) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
- (ခ) စိန်မြရုံခြယ် အောင်ပင်လယ် (ကိုအံ့ကြီး)
- (ဂ) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)
- (ဃ) ဗျာပါဆံ (ကိုမင်းသူ)
- (င) ဖန်တီးသူတို့အပြုံးများ (ဂီတလုလင်ဦးကိုကို)
- (စ) လူ့ချွန်လူကောင်း (ကိုအံ့ကြီး)

၄။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသမီး)
- (က) တရေးချစ်ခွင့်မြင်ရနိုး (မာမာအေး)
- (ခ) နွေမိုးဆောင်း (တင်တင်မြ)
- (ဂ) မေတ္တာရွှေစောင်း (လီလီကြာညွန့်)
- (ဃ) ဘဝဇာတ်သဘင် (မေလှမြိုင်)
- (င) မြနဒီ (မြင့်မြင့်ရိုန်)
- (စ) ကထိန်သင်္ကန်း (စိန်ပါတီ)

၅။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
- (က) ရွှေမင်းဂံ (ကိုအံ့ကြီး)
- (ခ) ရိပ်မြိုင်ရေချမ်း မေတ္တာစမ်း (စန္ဒရားထွန်းညွန့်)
- (ဂ) မဟာဗန္ဓုလ (ကိုထွန်းရွှေ)
- (ဃ) ဆုတောင်းပတ္တနာ (ကိုညွန့်လွင်)

၆။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)
- (က) ခင်မွန်ရွှာသူ (မြင့်မြင့်အုန်း)
- (ခ) အတုအယောင် (ငွေးငွေးမြင့်)
- (ဂ) မဟုတ်မတရား နုတ်စကားရှောင် (ဒေါ်မေစီ)
- (ဃ) ယောကျ်ားဆုပန် (လေဘာတီမြရင်)

၇။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသား)
- (က) မောင်းမကန်ကေသီဦး (စန္ဒရားချစ်ဆွေ)
- (ခ) ဂုံညှင်းထိုးကြမယ် (ဝင်းဦး)
- (ဂ) အောင်မြင်ခြင်းအတုတု (စန္ဒရားထွန်းညွန့်)
- (ဃ) ရွှေကျီးညို (မောင်ဝင်းမြင့်)

၈။ အခြေခံပညာ (၁၅- ၂၀) အဆင့် (အမျိုးသမီး)
- (က) ချစ်စရာ့ရွှေတမာ (ရီရီသန့်)
- (ခ) မောင်ကြီးနိဗ္ဗာန်ဆော် (ခင်သစ်လွင်)
- (ဂ) အနန္တမေတ္တာ (ထား)
- (ဃ) ဂီတဥ္စလီ (သင်းသင်းမြတ်)

၉။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသား)
- (က) ကိုယ့်ရပ်ဌာနေ (စန္ဒရားထွန်းညွန့်)
- (ခ) အရွယ်သုံးပါး (ရတနာညွန့်)
- (ဂ) မြန်မာ့အားအင် (လီလီကြာညွန့်)
- (ဃ) မောင့်တိုင်းပြည် (ရေနံ့သာဝင်းမောင်)

၁၀။ အခြေခံပညာ (၁၀- ၁၅) အဆင့် (အမျိုးသမီး)
- (က) ရွှာသာယာ (လှလှရီ)
- (ခ) အဆင်းလှတဲ့ပင်းတယ (ခင်သစ်လွင်)
- (ဂ) မြန်မာပြည်ခရီးစဉ် (ထား)
- (ဃ) မြန်မာ့ဂီတလှပဝေဆာ (သင်းသင်းမြတ်)

*(ဆက်လက်ဖော်ပြပါမည်)*

# အဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး ယနေ့ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၉**

မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Martial Arts Group က ကျင်းပမည့် အဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီး စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ တင်အောင်လွင်က အမှာစကား ပြောကြားသည်။ ထို့နောက် Myanmar Martial Arts Group မှ မန်နေဂျင်းဒါရိုက်တာ ဦးဝဏ္ဏက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး SkyNet ရုပ်သံမှ ပြိုင်ပွဲရိုက်ကူးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



"ကျွန်တော်နဲ့ သွေးသစ်ဝင်းလှိုင်က ရန်သူတွေလည်း မဟုတ်ပါဘူး။ ကိုယ့်မြန်မာပြည်သား အချင်းချင်းတွေပဲ၊ ဒီပွဲကလည်း ချန်ပီယံဂုဏ်ပုဒ် တစ်ခုအတွက် ထိုးကြမှာဖြစ်ပါတယ်။ မကျေပွဲလို့လည်း ပြောလို့ရပါတယ်" ဟု ထွန်းထွန်းမင်းက ပြောသည်။

"ဒီပြိုင်ပွဲက စိုးလင်းဦးနဲ့ ပြိုင်ပွဲပေါ့။ စိုးလင်းဦး လေ့ကျင့်ရင်းနဲ့ ဒဏ်ရာရသွားတော့ အများကြီး ပြင်ဆင်ထားပါတယ်။ နိုင်ငံခြားသားဖြစ်တဲ့အတွက် အများကြီး ကိုယ်အတွက် အားတစ်ခုဖြစ်တာပေါ့။ ဒီကစားသမားကလည်း မွေထိုင်းဖိုက်တာ ဖြစ်တယ်။ ဝမ်းချန်ပီယံရှစ်မှာ သိရသလောက်တော့ နိုင်ပွဲများတယ်။ကစားတာကောင်းတယ်။ ကိုယ့်အတွက် အများကြီးခက်ခဲမယ့် ပြိုင်ဘက်ဆိုလည်း မမှားဘူး။ ဒါကြောင့် ကိုယ်ဘက်က အများကြီးပြင်ဆင်ပြီးတော့ ကိုယ်ကလည်း ဝမ်းကို သွားချင်တာကို။ ဝမ်းချန်ပီယံရှစ် ကစားသမားနဲ့ ထိုးရတာဖြစ်လို့ ကိုယ့်အတွက် အများကြီးပွဲကောင်းတစ်ပွဲဖြစ်မှာပါ။ လက်ဝှေ့ကစားသမားကိုယ်စား ဒီထက်မက ကြိုးစားသွားမှာ ဖြစ်ပါတယ်" ဟု ထိုင်းကစားသမား အာဝသန်နှင့် ယှဉ်ပြိုင် ထိုးသတ်မည့် ကျော်စွာဝင်းက ပြောသည်။

"ကျွန်တော်တို့ နှစ်ယောက်ရဲ့ ပွဲကို ပရိသတ်တွေအတွက် ရသအကောင်းဆုံး ပေးနိုင်အောင် ကြိုးစားသွားမှာပါ။ မစ္စတာတိုကဲရှိကိုအစကတည်းက သိပါတယ်၊ သူက ကျွန်တော့်အစ်ကို ထွန်းမင်းလတ်နဲ့လည်း ထိုးဖူးပါတယ်။ သူက ဘယ်သန်ကစားသမားဆိုတော့ ဘယ်ကိုအားစိုက်ရတယ်။ အခြားပြိုင်ဘက်ကစားသမားတွေနဲ့ဆို သူက အများကြီးကွာခြားပါတယ်။ သူက အလွန်ကောင်းပါတယ်။ ကျွန်တော်က ခြေကန်ချက်တွေကို အားသန်ပါတယ်။ ထိုးခဲ့တဲ့ပွဲက ၁၆ ပွဲလောက်ရှိပြီ၊ ဒါနဲ့ဆို ၁၇ ပွဲမြောက်ပါ။ ၁၁ ပွဲနိုင်ပြီး ၅ ပွဲသရေ၊ ရှုံးပွဲမရှိသေးပါဘူး။ ပြိုင်ပွဲတစ်ခုမှာ အရှုံးနဲ့ အနိုင်ဆိုတာ ရှိတယ်ဆိုပေမယ့် ရှုံးပွဲမရှိတဲ့ စံချိန်ကို ဆက်ထိန်းသွားပါမယ်။ ဖြစ်အောင်လည်း ကြိုးစားရမှာပါ" ဟု ထွန်းမင်းအောင်က ပြောသည်။

"ကျွန်တော် မနက်က ဆေးစစ်ဝိတ်ချိန် အောင်မြင်သွားပြီဖြစ်တဲ့အတွက် အားရကျေနပ်ပါတယ်။ ဒီပွဲမှာအနိုင်ရမယ်လို့ ၁၀၀ ရာခိုင်နှုန်း ကျွန်တော် ထင်ပါတယ်။ မနက်ဖြန်မှာ ကျွန်တော်နဲ့ ထွန်းမင်းအောင် ထိုးမှာဖြစ်တဲ့အတွက် ကြောင့်မို့လို့ လာရောက်ကြည့်ရှုအားပေးကြပါလို့ ပြောလိုပါတယ်" ဟု တိုကဲရှိ(ဂျပန်)က ပြောသည်။

အဆိုပါပြိုင်ပွဲကြီး ငါးချီပွဲများ၌ ၈၀ ကီလိုတန်းတွင် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်၊ ၇၅ ကီလိုတန်းတွင် ထွန်းမင်းအောင် (မြန်မာ) နှင့် တိုကဲရှိ (ဂျပန်)၊ ၇၁ ကီလိုတန်းတွင် ကျော်စွာဝင်း (မြန်မာ)နှင့် အာဝသန် (ထိုင်း)၊ ၆၃ ဒသမကီလိုတန်းတွင် စိန်လုံးချော နှင့် မိုးထက်အောင်တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ထို့ပြင် လေးချီစိန်ခေါ်ပွဲ၌ ၆၅ ကီလိုတန်းတွင် ဟံသာဝတီနှင့် စီတို၊ ၅၄ ကီလိုတန်းတွင် သိုင်းကျော်နှင့် ဝူသောဒိုတို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကို Skynet Sports 4 /HD ရုပ်သံလိုင်းမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်းသိရသည်။

**အာကာစိုး**

# ပြည်တွင်းခရီးသွားများအကြား လူသိများလာသည့် ထွန့်ပတိုင်ရေကန်နှင့် ဘားအံမြို့မှ ခရီးသွားနေရာများ

ယဉ်လာဒ်

**တောင်တွေရဲ့မြို့တော်လို့ တင်စားခံထားရတဲ့ ဘားအံမြို့ပေါ်က ကျောက်စိမ်းရောင် တလက်လက်တောက်ပနေတဲ့ ထွန့်ပတိုင်ရေကန်ကို လတ်တလောမှာ ပြည်တွင်းခရီးသွားဧည့်သည်တွေ များစွာလာရောက်လည်ပတ်နေကြပါတယ်။ ဘားအံမြို့ကို ရန်ကုန်ကနေ နေ့ချင်းပြန်သွားရောက်လည်ပတ်နိုင်သလို သွားလာရလွယ်ကူတာမို့ လက်ရှိမှာ ပြည်တွင်းခရီးသွားတွေ အများဆုံးသွားရောက်လည်ပတ်နေကြတဲ့ မြို့တော်တစ်ခု ဖြစ်လာနေပါတယ်။**

"ပိတ်ရက်တွေဆို ဘားအံမြို့ကို ပြည်တွင်းခရီးသွား ဧည့်သည်တွေ တစ်ရက်ကို လူဦးရေ ၅၀၀ လောက် လာရောက် လည်ပတ်ကြပါတယ်။ ကြားရက်တွေမှာတော့ လူဦးရေ ၂၀၀ ဝန်းကျင်လောက်ပဲ ရှိတယ်" လို့ ဒေသခံ ဧည့်လမ်းညွှန်တစ်ဦးက စာရေးသူကို ပြောပြပါတယ်။

**တကူးတက လာရောက်လည်ပတ်**

၂၀၂၃ ခုနှစ်မှာ ဘားအံမြို့ကို ပြည်တွင်းခရီးသွား အများဆုံး လာရောက်လည်ပတ်ကြတယ်လို့ဆိုနိုင်ပြီး ဘားအံမြို့မှာ နောက်ခံရှုခင်းကြည့်ကွက် အလှအပတွေ များစွာရှိတာမို့ အချိန်ပေး လာရောက်ပြီး အမှတ်တရဓာတ်ပုံ ရိုက်ကူးကြတာ ဖြစ်ပါတယ်။ အများစု လာရောက်လည်ပတ်ကြတဲ့ နေရာကတော့ ကျောက်စိမ်းရောင် တလက်လက် တောက်ပနေတဲ့ ထွန့်ပတိုင်ရေကန်ဖြစ်ပြီး ဒီရေကန်ကို တကူးတက လာရောက်လည်ပတ်ကြတာ အလွန်များပြားလာတယ်လို့ ဒေသခံတွေဆီက သိရပါတယ်။

**ထွန့်ပတိုင်ရေကန်ရဲ့ ပတ်ဝန်းကျင်**

ထွန့်ပတိုင်ရေကန်ကို ကြာအင်းတောင်ဘက်ကနေ လာရောက်နိုင်သလို နောင်လုံတောင်ကြား လမ်းဘက်ကနေလည်း လာရောက်နိုင်ပါတယ်။ အချက်အချာကျတဲ့နေရာမှာရှိတာမို့ လာရောက်လည်ပတ်မှုများတဲ့ နေရာတစ်ခုအဖြစ် ပေါ်ပြူလာဖြစ်လာခဲ့ပါတယ်။ နက်မှောင်နေတဲ့တောင်ကြီးကို နောက်ခံထားပြီး ကျောက်စိမ်းရောင် တလက်လက် တောက်ပနေတဲ့ ရေကန်မှာ ဝါးတံတားငယ်လေးတစ်ခုထိုးထားပြီး ဒီတံတားလေးပေါ်ကနေ ဓာတ်ပုံရိုက်ကူးကြရတာ ဖြစ်ပါတယ်။ ရိုးရိုးရှင်းရှင်းလေး လှပစွာ ဆွဲဆောင်ထားတဲ့ ထွန့်ပတိုင်ရေကန်ရဲ့ ပတ်ဝန်းကျင်ကလည်း သာယာပါတယ်။ စာရေးသူသွားတုန်းကဆို အလှည့်ကျ ဓာတ်ပုံရိုက်ဖို့ကို တော်တော်လေး စောင့်လိုက်ရပြီးမှ ပြန်ရတဲ့အထိ စည်ကားလှတဲ့ ထွန့်ပတိုင်ရေကန်ပါ။

**တောင်ကိုးလုံးရဲ့ မြို့တော်**

ဘားအံမြို့ဟာ တောင်တန်းခုံးခုံးလေးတွေနဲ့ တောင်ချင်းသွယ်ယှက်ကာ တည်ရှိနေတဲ့မြို့ဖြစ်ပြီး တောင်တွေ များစွာရှိတဲ့ မြို့တော်တစ်ခုလည်းဖြစ်ပါတယ်။ ဘားအံကိုတောင်တွေရဲ့မြို့တော်အဖြစ် တင်စားကြလေ့ရှိသလို ဂူပေါင်းများစွာ ရှိတာမို့ ဂူတွေရဲ့မြို့တော်လို့လည်း တင်စားကြပါတယ်။ ဘားအံမြို့ကို မိဇ္ဈတောင်၊ မိကရင်တောင်၊ ဖားပုတောင်၊ ဖားကပ်တောင်၊ ထောင်ဝိတောင်၊ ထမင်းဆုပ်တောင်၊ ဖွဲကပင်တောင်၊ ကြာအင်းတောင်၊ ဖားမဲတောင်ဆိုတဲ့ တောင်ကိုးလုံးနဲ့ ဝန်းရံထားတာမို့ တောင်ကိုးလုံးရဲ့ မြို့တော်လို့လည်း ခေါ်တွင်နိုင်ပါတယ်။ ဒီလို အမည်နာမများနဲ့ တင်စားခံရတဲ့ ဘားအံမြို့ဟာ ခရီးသွားရတနာသိုက်ကြီး တစ်ခု ဖြစ်နေတယ်လို့တောင် ဆိုနိုင်ပါတယ်။



ဘားအံမြို့အနီးမှ ခရီးသွားနေရာတစ်ခုဖြစ်သည့် ဖိုးတခေတ်ကျေးရွာ။

**ထွန့်ပတိုင်ရေကန်ကို ကြာအင်းတောင်ဘက်ကနေ လာရောက်နိုင်သလို နောင်လုံတောင်ကြား လမ်းဘက်ကနေလည်း လာရောက်နိုင်ပါတယ်။ အချက်အချာကျတဲ့နေရာမှာရှိတာမို့ လာရောက်လည်ပတ်မှုများတဲ့ နေရာတစ်ခုအဖြစ် ပေါ်ပြူလာဖြစ်လာခဲ့ပါတယ်။ နက်မှောင်နေတဲ့တောင်ကြီးကို နောက်ခံထားပြီး ကျောက်စိမ်းရောင် တလက်လက်တောက်ပနေတဲ့ ရေကန်မှာ ဝါးတံတားငယ်လေးတစ်ခုထိုးထားပြီး ဒီတံတားလေးပေါ်ကနေ ဓာတ်ပုံရိုက်ကူးကြရတာ ဖြစ်ပါတယ်။ ရိုးရိုးရှင်းရှင်းလေး လှပစွာဆွဲဆောင်ထားတဲ့ ထွန့်ပတိုင်ရေကန်ရဲ့ ပတ်ဝန်းကျင်ကလည်း သာယာပါတယ်**

**လည်ပတ်စရာနေရာများစွာ**

ဒ့ါအပြင် အရှေ့တောင်အာရှနိုင်ငံများက ပေးအပ်တဲ့ Sustainable Tourism Award (2022) ဆုပေါင်း ၁၁ ဆုကို ရရှိခဲ့တဲ့ ကရင်ပြည်နယ်ရဲ့ ဂုဏ်သတင်းကြောင့်လည်း ဂုဏ်ရှိန်ဝါ ပိုပြီးကြီးမားလာခဲ့တာဖြစ်ပါတယ်။ မြို့တော်ဘားအံမြို့ဟာ စိတ်ဝင်စားစရာ လည်ပတ်လေ့လာစရာကောင်းတဲ့ ခရီးစဉ်ဒေသဖြစ်ပါတယ်။ ဘားအံမြို့ဝန်းကျင်မှာပဲ လည်ပတ်စရာနေရာ များစွာရှိပါတယ်။

ခရီးသွားတွေ အများဆုံးသွားရောက်လည်ပတ်တဲ့နေရာတွေက ဘုရင်ညီဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ သဘာဝရေလိုဏ်ဂူ၊ အာလဝံဂူ၊ လင်းနို့ဂူ ၊ နောင်ခရိုင်ရေဂူ၊ ဆဒ္ဒန်ဂူ၊ ကော့ကသောင်ဂူ၊ ကျောက်ကလပ်၊ ချစ်သူမြိုင်၊ ကန်သာယာတံတား၊ လုံမွှိနီဥယျာဉ်၊ ကျိုက်ကဝိရွာ (ဖိုးတခေတ်ရွာ)၊ နောင်လုံတောင်ကြား၊ ထွန့်ပတိုင်ရေကန်၊ တောင်ဝိုင်းတောင်၊ ကြာအင်းတောင်၊ လွန်းညရေပြောကန်၊ ရွှေယဉ်မျှော် ပြည်တော်အေးစေတီ၊ မုက္ကဒိရွာ အိပ်မက်ကြိုးတံတား၊ ကော့ခမိတ်ရွာ၊ ဂုဏ်သာဖေါန်ရွာ၊ ထမင်းဆုပ်တောင်၊ ဖွဲကပင်တောင်၊ မိဇ္ဈတောင်၊ ဖားပုတောင် အစရှိတဲ့ လည်ပတ်စရာ နေရာတွေ ဖြစ်ပါတယ်။

အရှေ့တောင်အာရှ နိုင်ငံများက ပေးအပ်တဲ့ ဆုပေါင်းများစွာကို လက်ဝယ်ပိုင်ဆိုင်ထားတဲ့ ဘားအံမြို့တော်၊ များပြားလှစွာသော ခရီးစဉ်နေရာတွေ ရှိနေပြီး ရန်ကုန်မြို့နဲ့လည်း အလှမ်းမဝေးလှတဲ့ တောင်တွေရဲ့မြို့တော် သို့မဟုတ် ဂူတွေရဲ့ မြို့တော်ဖြစ်တဲ့ ဘားအံရွှေမြို့တော်နဲ့ ထွန့်ပတိုင်ရေကန်ကို သွားရောက်လည်ပတ်နိုင်စေဖို့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။



ဆဒ္ဒန်ဂူအနောက်ဘက်ခြမ်း၌ လှေစီးနေသော ပြည်တွင်းခရီးသွားများ။



ထွန့်ပတိုင်ရေကန်၌ အလှဓာတ်ပုံရိုက်နေသည့် ပြည်တွင်းခရီးသွားတစ်ဦး။

## စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း ရုပ်သံသီတင်းပတ်စားပွဲဝိုင်းဆွေးနွေးပွဲ တက်ရောက်ခဲ့သည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဩဂုတ် ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း ရုပ်သံသီတင်းပတ် စားပွဲဝိုင်းဆွေးနွေးပွဲ (4th Lancang – Mekong Audiovisual Week Roundtable Conference) သို့ တက်ရောက်ခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

**မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး**

စတုတ္ထအကြိမ်မြောက် မဲခေါင်-လန်ချန်း ရုပ်သံသီတင်းပတ် စားပွဲဝိုင်းဆွေးနွေးပွဲတွင် နိုင်ငံအလိုက် ရုပ်သံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးကောင်း မွန်သော အစီအစဉ်များ အဆင့်မြှင့်တင်၍ တောင်အာရှနှင့်အရှေ့တောင်အာရှဈေးကွက်သို့ ထိုးဖောက်ဖြန့်ချိနိုင်ရေး၊ အနာဂတ်ကာလ၌ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ရုပ်သံ ပူးပေါင်းထုတ်လုပ်ပြီး အပြန်အလှန်ထုတ်လွှင့်ပြသရေး၊ ဘာသာပြန်ဆိုခြင်းနှင့် မူပိုင်ခွင့် အလေးထားခြင်းစသည့်ကဏ္ဍတို့ကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သဘောတူလက်မှတ်ရေးထိုး**

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မဲခေါင်ဒေသအတွင်း၌ လူမှုရေးနှင့် ယဉ်ကျေးမှု ဆက်နွယ်တူညီမှုများ၊ မြန်မာနိုင်ငံ၏ အထင်ကရနေရာများနှင့် သာယာလှပမှုများ၊ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ၊ နိုင်ငံတကာမီဒီယာများ လာရောက်ရိုက်ကူးနိုင်ရန် ဖိတ်ခေါ်ပြီး ကူညီဆောင်ရွက်ပေးမည့်အခြေအနေများကို ဗီဒီယိုဖိုင်နှင့်တကွ ဆွေးနွေးခဲ့ပြီး ဆွေးနွေးပွဲအပြီးတွင် မဲခေါင်ဒေသအတွင်းနိုင်ငံများမှ မီဒီယာများက ပူးပေါင်းဆောင်ရွက်ကြမည့် Mekong LOOK App တွင် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့က တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုအဆိုပြုလွှာကို သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ရုပ်သံဆွေးနွေးပွဲကို တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲရေးအဖွဲ့အစည်း(NRTA) နှင့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနတို့က တာဝန်ယူကာ ယူနန်ပြည်နယ်ရေဒီယိုနှင့် ရုပ်မြင်သံကြားစီမံခန့်ခွဲရေးအဖွဲ့အစည်းနှင့် ယူနန်မီဒီယာအုပ်စု (YMG)၊ လန်ချန်း-မဲခေါင် နိုင်ငံတကာဂြိုဟ်တုရုပ်သံလိုင်းတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး မဲခေါင်ဒေသနိုင်ငံများအပြင် တောင်အာရှနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ၊ ရုပ်သံဌာနအကြီးအကဲများနှင့် မီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တောင်အာရှနိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပေါင်မြို့နယ်၌ ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးလျက်ရှိ

**ပေါင် ဩဂုတ် ၁၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကုန်ဈေးနှုန်းများတည်ငြိမ်ကျဆင်းစေရေး အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးခြင်းကို ယနေ့ နံနက်ပိုင်း က ကဒါရပ်ကွက် မင်္ဂလာဈေးတွင် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန်စည်များဖြစ်သည့် အမဲသားတစ်ပိဿာ ငွေကျပ် ၁၅၀၀၀၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၁၅၀၀၀၊ ဆန်တစ်ပြည် ငွေကျပ် ၂၅၀၀ ၊ဆီတစ်ပိဿာ ငွေကျပ် ၆၀၀၀၊ ကြက်ဥငါးလုံး ငွေကျပ် ၁၂၀၀ စသည်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ရာ အများပြည်သူများ ဝယ်ယူအားပေးကြသည်။

အဆိုပါ ဈေးရောင်းချခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် တာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သက်သာချောင်ချိရေးဆိုင်တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်မြို့နယ်အတွင်းရှိ မန်မန်ရပ်ကွက် သန့်ရှင်းသာယာလှပရေးအတွက် ချုံနွယ်များ ရှင်းလင်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဩဂုတ် ၁၉ ရက်က ဟိုပန်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင် ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်များက ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်စဉ်။ စိုင်း(သီပေါ)

## လျှပ်စစ်သုံးယာဉ်များအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၉**

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ ပြပွဲကြီးကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ Yangon Convention Center ၌ ကျင်းပလျက်ရှိသည်။

အဆိုပါပြပွဲတွင် ကျွမ်းကျင်ပညာရှင်များက ဆောက်လုပ်ရေးနှင့် အခြားဝန်ဆောင်မှုဆိုင်ရာများကို ဆွေးနွေးဟောပြောမည်ဖြစ်ရာ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များဖြစ်သည့် ဒေါက်တာကျော်ကျော်မိုးက လျှပ်စစ်မော်တော်ယာဉ် EV ကား ဘက်ထရီအကြောင်းကိုလည်းကောင်း၊ ဒေါ်ရင်ရင်မြက လျှပ်စစ်မော်တော်ယာဉ်များ၏ ဘက်ထရီနည်းပညာကောင်းကျိုးနှင့် စိန်ခေါ်မှုများ၊ ဘက်ထရီသိုလှောင်အားကို ဟိုက်ဘရစ်စွမ်းအင်ဖြင့် အကောင်းဆုံးအသုံးချခြင်းကိုလည်းကောင်း၊ ဦးအောင်ကျော်လင်းက UNR 100 စံချိန်စံညွှန်းသတ်မှတ်ချက်များအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေ သွားရောက်ထိုးနှံပါရန် အသိပေး နှိုးဆော်အပ်ပါသည်။"

**ကျန်းမာရေးဝန်ကြီးဌာန**

### ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မရှိ

**(၁၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၈-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**


မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - မြင့်စိုး |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၃၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၈ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၅၀ ကျပ် | ၂၂၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၆၀ ကျပ် | ၂၄၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၂၀၈၄ | ၁၈၆၂၆၉၀၀ |
| MTSH | ၃၁၀၀ | ၃၁၅၀ | ၄၅၄၂ | ၁၄၀၈၈၃၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၆၃ | ၁၃၀၃၈၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၄၃ | ၂၃၅၉၅၀ |
| TMH | ၂၄၀၀ | ၂၃၅၀ | ၁၀၁ | ၂၄၂၃၅၀ |
| EFR | ၂၃၀၀ | ၂၃၅၀ | ၁၀၀၅ | ၂၃၁၁၇၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၅ | ၁၂၂၅၀၀ |
| MAEPC | ၁၉၅၀ | ၁၉၅၀ | ၄၆၃၈ | ၉၀၄၄၁၀၀ |

ညီညီ - စုစည်းသည်

## မိဘအမည်မှန်

ပျဉ်းမနားမြို့၊ ရွာသစ်အုပ်စု၊ ညောင်ပင်လှကျေးရွာနေ ဦးတင်ဖေ ၉/ပမန(နိုင်)၀၂၃၃၉၃၏ မိဘအမည်မှန်မှာ ဦးပြုံးချို BW-၀၄၅၂၆-ဒေါ်နှင်းရီ BW-၀၄၅၂၁၂ ဖြစ်ပါကြောင်း။

**ဦးပြုံးချို-ဒေါ်နှင်းရီ**

## အမည်ပြောင်း

စမ်းချောင်းမြို့နယ်နေ (EMPS) ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 အတန်းမှ ဦးစည်သူကျော်ဆန်း၏ သမီး မသံသာထက်ဦးအား ယနေ့မှစ၍ မသံသာထက်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသံသာထက်သူ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၈-၂၀၂၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂)ပါ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာတွင် ဒေါ်သောင်းသဇင်အစား ဒေါ်ဆောင်းသဇင် ၉/အမဇ(နိုင်) ၀၁၆၄၁၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၃/၃၉-နန္ဒဝန် (စက်မှုဇုန်)၊ ဦးပိုင်အမှတ် (၂၈လမ်း-၇၅)၊ ဧရိယာ(၀.၁၁၀) ဧကရှိမြေအား အမှုတွဲအမှတ် ၂၀ V ၂၀၁၄-၂၀၁၅ အရ (၄-၁၂-၁၉၉၃)မှ (၃-၁၂-၂၀၂၃)ထိ ဦးထွန်းညို-ဒေါ်ခင်ငွေး(သမီး)မသီရိထွန်းအမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ရရှိထားသည့်မြေကို ဦးထွန်းညို-ဒေါ်ခင်ငွေး(သမီး) မသီရိထွန်းတို့မှ မြေငှားစာချုပ် (သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8I/4864 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၆၁)၊ လူနေရပ်ကွက်အမှတ်-(ကံဘဲ့)၊ မြေကွက်အမှတ်-(၇/၄)အကျယ်အဝန်း (၀.၀၅၅) ဧကရှိ ဦးအောင်ချိုဦး-ဒေါ်ဖြိုးဖြိုးမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသောအမှတ်-(၁၅/က)၊ အင်းယားရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သော နှစ်ထပ်(RC) တိုက်တစ်လုံးအဆောက်အအုံတွင် တွယ်ကပ်တပ်ဆင်ထားသည့်ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိတို့မှအမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး လက်ရှိထားကာရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံအဆိုပြုသူ ဦးအောင်ချိုဦး(၁၂/အစန(နိုင်)၁၁၇၆၄၂)နှင့် ဒေါ်ဖြိုးဖြိုးမြင့်(၇/ရတရ(နိုင်)၀၀၁၈၈၆)တို့ထံမှကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူခဲ့ပြီး ရောင်းကြေးတန်ဖိုးငွေ တစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါကမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်အားဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးနိုင်ဝင်း(ခ)ရန်နိုင်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှိုင်ဘွား(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၃၀/၂၀၁၂)**
**အမှတ်-၄၇၅၊ပထမထပ်၊သုမနလမ်း၊(၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၅၅၂၂၀၄၊ ၀၉-၈၉၂၇၅၅၀၁၂**

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/9407, TOYOTA LANDCRUISER PRADO S/W ယာဉ်လက်ဝယ်ရှိသူ ဦးစောစိုးလင်းကြည် ၃/ဘအန(နိုင်)၀၁၂၇၃၈ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံ)**

# ပျောက်ဆုံးခြင်း

THADAR PHU CO.,LTD ၏ RELEASE ORDER NO. (100185113010) (8-10-2021)(100185781840) (17-10-2021) (100286634550)(28-10-2021) (100191477151)(17-12-2021) (100191573860) (19-12-2021)(100191685900) (20-12-2021) (100191836950)(21-12-2021)(100192334430) (25-12-2021) (100192348650)(25-12.2021)(100192708120)(28.12.2021) (100192989300)(30-12-2021) (100194167030(13-1-2022) (100194182210)(13-1-2022)(100194966212)(22-1-2022) (100195074450) (24-1-2022) (100195301840)(25-1-2022) (100197194160) (12-2-2022)(100197697940)(17-2-2022) (100197979010)(21-2-2022)(100197931964) (22-2-2022) (100198578800) (27-2-2022)(100198793110)(1-3-2022) (100199024440)(4-3-2022)(100200209910) (18-3-2022) (100200523842)(21-3-2022)(100201051051)(25-3-2022) (100201189100) (26-3-2022)(27)စောင်တို့မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph-09-792001282**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံး ဥပဒေအမိန့် - ၅၊ နည်းဥပဒေပုဒ်မ -၂၀(၁)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၅

ဦးအောင်ဇာနည်ထွန်း (တရားလို) နှင့် ဦးသိန်းရွှေ (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်-၂၇၄ ၁/၂၊ စက္ကဝတ်(၂)လမ်း၊(ဈ)ရပ်ကွက်နေ တရားပြိုင် ဦးသိန်းရွှေ သိစေရမည်။

သင့်အပေါ်၌ တရားလိုက"အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ်၊စက်တင်ဘာ လ ၁ ရက်နေ့ (၁၃၈၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ရဲမင်းထွန်း)**
**မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/7260 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၉)၊ စိန်ခြယ်လမ်း မြေကွက်အမှတ်(၁၁၈၃)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၃ပေx၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် မြေအကျယ်(၁၅ပေခွဲx၆၀ပေ)ရှိ ဦးခွေးပု ( ISN 314522) အမည်ပေါက် ဂရန်မြေကွက်နှင့်စပ်ဆက်နေသည့် အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်းရီ(၁၂/မရက(နိုင်)၀၅၅၇၃၉)နှင့် ဒေါ်ငယ်ငယ်လွင်(၁၂/မရက(နိုင်)၀၅၇၄၁၂) တို့မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ခင်သက်လွင်(၈/မထန(နိုင်)၀၈၁၃၆၃)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ရွှေရည်မြတ် အထက်တန်းရှေ့နေ(စဉ်-၄၁၀၂၆)**
**(LL.B, DBL, DIT)**
**အမှတ်-၉၁၃၊ စိန်ပန်းမြိုင်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၃၂၇၂၈**

# အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ မြေကွက်အမှတ် ၃၄/၃၅/၃၆ မြတောင်ဝန်ကြီး ဦးမိုလမ်း၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော Costec International Co.,Ltd၏ စက်ရုံ ပိုင်ရှင် တရုတ်နိုင်ငံသား (Mr.Liu HAOWEI) (Passport No-E735524013)မှ စက်ရုံတွင်လုပ်ကိုင်နေသော (မတ်လ 2019 ခုနှစ်မှ အောက်တိုဘာလ 2019 ခုနှစ်) အတွင်း ID/ED များ ပျောက်ဆုံးသွားပါသဖြင့် အကောက်ခွန်ဦးစီးဌာနတွင် မိတ္တူမှန်ပြန်လည်ထုတ်ယူနိုင်ရေးအတွက် ကျွန်တော်များဘက်မှ ID/ED ပျောက်ဆုံးကြောင်းမှာ အမှန်အကန်ဖြစ်ကြောင်း အတိအလင်းကြေညာအပ်ပါသည်။

**Costec International Co., Ltd 951-618192**

# အသိပေးအကြောင်းကြားခြင်း

ကျွန်မတို့ မြေကွက်အမှတ်(126)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၅)စက်မှုအပိုင်း၊ စက်မှုဇုန်အပိုင်း (၄)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော Meier Global Myanmar Co.,Ltd. ၏ စက်ရုံပိုင်ရှင် တရုတ်နိုင်ငံသူ ( Ms.Zhang Lin Lin) (Passport no-HG128280 )မှ စက်ရုံတွင်လုပ်ကိုင်နေသော (ဇွန်လ 2020 ခုနှစ်မှ ဒီဇင်ဘာလ 2020 ခုနှစ်)အတွင်း ID/ED များပျောက်ဆုံးသွားပါသဖြင့် အကောက်ခွန်ဦးစီးဌာနတွင် မိတ္တူမှန်ပြန်လည်ထုတ်ယူနိုင်ရေးအတွက် ကျွန်မတို့ဘက်မှ ID/ED ပျောက်ဆုံးကြောင်းမှာ အမှန်အကန်ဖြစ်ကြောင်း အတိအလင်းကြေညာအပ်ပါသည်။

**Meier Global Myanmar Co. Ltd.**
**Ph: 09-795198932**

# အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ မြေကွက်အမှတ် ၁၄၈+၁၄၉၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော Spring River Knittin Co.,Ltd၏ စက်ရုံပိုင် ရှင် တရုတ်နိုင်ငံသား ( Mr.Yao DONGLIANG ) (Passport no-E38610963 )မှ စက်ရုံတွင်လုပ်ကိုင်နေသော (ဇွန်လ 2019 ခုနှစ် မှ ဇူလိုင်လ 2020 ခုနှစ်) အတွင်း ID/ED များပျောက်ဆုံးသွားပါသဖြင့် အကောက်ခွန်ဦးစီးဌာနတွင် မိတ္တူမှန်ပြန်လည်ထုတ်ယူနိုင်ရေးအတွက် ကျွန်တော်များဘက်မှ ID/ED ပျောက်ဆုံးကြောင်းမှာ အမှန်အကန်ဖြစ်ကြောင်း အတိအလင်း ကြေညာအပ်ပါသည်။

**Spring River Knittin Co. Ltd.**
**Ph: 09-970171721**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/12649, KAMAX WAVE -110,M/C ယာဉ်လက်ဝယ်ရှိသူ Kamax group Myanmar Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/54871, Honda Scoopyi-110 ယာဉ်လက်ဝယ်ရှိသူ ဦးညီမင်းခန့် ၉/ပဥလ(နိုင်)၀၅၄၉၂၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ် (၈၂၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးတင်လေး (W/RGN-၀၀၃၀၁၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးခိုင် (၁၂/ဗဟန (နိုင်) ၀၇၇၂၃၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)**

**ဒေါ်လင်းလင်းထက်**
**LL.B,**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုးကျေးရွာ၊ စေတနာ မွန်လမ်း၊ အိမ်အမှတ်(၂၉၆)၊ကွင်းအမှတ်(၆၇၅)၊ဦးပိုင်အမှတ်(၉၅/၂-က)၊မြေဧရိယာ(၀.၁၁)ဧကထဲမှ အကျယ်အဝန်း အရှေ့ (၄၅)ပေ၊ အနောက်ပေ(၄၀)၊ တောင်(၇၅) ပေ၊ မြောက်ပေ (၇၀)၊ လက်ရှိမြေပေါ်ရှိအတိုင်းအတာ၊ မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာ၊ ရေမီးအပါအဝင်မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ရောကုတ်(၁၃/နခန(နိုင်)၀၃၈၅၂၈)ထံမှ ဒေါ်နန်းမြမြဝင်း (၁၃/ကမန(နိုင်)၀၆၁၈၈၁) က(အရပ်ကတိစာချုပ်) ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက် အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်နန်းမြမြဝင်း**
**၁၃/ကမန(နိုင်)**
**၀၆၁၈၈၁**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဇင်မာမြင့် (LL.B, LL.M) အထက်တန်းရှေ့နေ**
**အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## (၁၃-၈-၂၀၂၃)ရက်စွဲပါ ဦးသန့်ဇင်ဦး (၁၃/နခန(နိုင်)၀၆၅၁၇၇) မြန်မာ့အလင်းသတင်းစာပါ အများသိစေရန် ကြေညာခြင်းခေါင်းစီးပါ ကြော်ငြာအား ကန့်ကွက်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ နွယ်ခွေကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ ဗိုလ်တေဇလမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စန်းဝင်း(၁၂/မဂဒ(နိုင်)၀၃၈၈၃၉)မှ ရန်ကုန်တိုင်းဒေသကြီး။ လှည်းကူးမြို့နယ်၊ တံခွန်တိုင်(အင်းစိန်)ကျေးရွာအုပ်စု၊ ကွင်းအမည်(မောင်ကြီးရိုးမြောက်ကွင်း၊ ကွင်းအမှတ်(၅၀၄-က)၊ ဦးပိုင်အမှတ်(၂/ဈ+၃/က+၃/ခ+၄/၅+၆+၇/က/ခ)၊ ဧရိယာ(၅၀)ဧကခန့်သည် ဖခင်ဖြစ်သူ ဦးမောင်ခိုင်(ခ)ဦးခိုင်၏ အမည်ပေါက်ပိုင်ဆိုင်သည့် လယ်မြေများဖြစ်ပါသည်။ အဆိုပါလယ်မြေများနှင့်ပတ်သက်၍ သိမ်းဆည်းခံရသော လယ်မြေများတွင် ပါဝင်မှုမရှိကြောင်း၊ အမှုပိတ်သိမ်းကြောင်း၊ အကြောင်းများကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)အား မူလပိုင်ရှင်ဖြစ်သူမသိဘဲ မသမာသောနည်းလမ်းဖြင့် ထုတ်ယူထားခြင်းအပေါ် စစ်ဆေးနိုင်ရေးအတွက် (၁၃-၁-၂၀၂၃)ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လှည်းကူးမြို့တွင် ဖြေရှင်းဆောင်ရွက်ရန်ဖိတ်ကြားခြင်းကို ဦးထွန်းထွန်းဆိုသူမှလည်းကောင်း၊ ဦးသန့်ဇင်ဦး (၁၃/နခန(နိုင်)၀၆၅၁၇၇)မှလည်းကောင်း လာရောက်ဖြေရှင်းမှုမရှိခဲ့ပါ။ ထို့အတွက်ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်းဝင်းမှ ပြည်ထောင်စုဝန်ကြီး စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်သို့(၂၃-၅- ၂၀၂၃) ရက်စွဲပါ အသနားခံတင်ပြခဲ့သောစာအရ နေပြည်တော်၊ ပြည်ထောင်စုဝန်ကြီးရုံး၏ စာအမှတ်-၃/၀၂(၂၁၀)(ဂ)(၅) (၅၃၁/၂၀၂၃)ဖြင့် စိစစ်ဆောင်ရွက်မှုများပြုလုပ်နေဆဲဖြစ်သည့် လယ်မြေများဖြစ်ပါသည်။

အဆိုပါ လယ်ယာမြေများတွင် ပါဝင်နေသည့် ဦးပိုင်အမှတ် ၅/က/၁ (R3)၊ ဧရိယာ ၄.၉၉ဧကအား ဦးသန့်ဇင်ဦး (၁၃/နခန(နိုင်)၀၆၅၁၇၇)မှ ရောင်းချနေခြင်းအပေါ် အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်ခိုင်(ခ)ဦးခိုင်၏သမီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ခင်စန်းဝင်းမှ ကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လင်းလင်းအောင် (LL.B),(D.B.L)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၅၁)**
**အမှတ် ၁၈၉၊ ကော့သောင်းလမ်း၊ (၁၀)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ဖုန်း - ၀၉-၄၂၁၀၈၂၃၆၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/46420, Honda Click -150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နန္ဒ ၉/မဟမ(နိုင်)၀၇၆၄၃၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၃၃၆၉၀, VANBO-125 ယာဉ်လက်ဝယ်ရှိသူ ဦးဌေး ၅/မရန(နိုင်) ၃၂၂၈၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/97836, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်တင့် ၉/ပသက(နိုင်)၀၄၉၀၄၂ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ ကွင်းအမှတ်(RAIII)ကွက်ပြင် (ရပ်) ဦးပိုင်အမှတ်(၉၄-ဃ)၊ မြေယာအမှတ်(၂၀၉A)၊မြေဧရိယာအကျယ်အဝန်း(၅၃x၅၅x၈၀x၈၀)ပေအကျယ်အဝန်းထဲမှ (၄၂x၅၅)ပေ၊ (လက်ရှိမြေပေါ် အကျယ်အုတ်တံတိုင်းခတ်အပြီးအစီးမှာ (၄၂x၆၅) ပေ၊ လက်ရှိမြေပေါ်ရှိအတိုင်းအတာနှင့် မြေ နှင့်မြေပေါ်မြေအောက်အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးတို့ကိုဒေါ်နန်းမိုခမ်း (၁၃/မမတ(နိုင်)၀၃၅၂၀၄)ထံမှ ဒေါ်တင်တင်မြင့် (၁၂/လသန(နိုင်)၀၁၁၂၃၃) က(အရပ်ကတိစာချုပ်) ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေခဲ့ပြီးဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်တင်တင်မြင့်**
**၁၂/လသန(နိုင်)**
**၀၁၁၂၃၃**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးဇော် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ဇင်မာမြင့်(LL.B, LL.M) အထက်တန်းရှေ့နေ**
**အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၏ ဓာတ်အား ပို့လွှတ်ရေး စီမံကိန်းများဌာနမှ ၁၃၂ ကေဗွီ နမ့်စန်–တောင်ကြီးဓာတ်အားလိုင်း(၅၃.၆)မိုင် (ဖောင်ဒေးရှင်း+တိုင်ဆင်) တည်ဆောက်ရေး လုပ်ငန်းအား Lot(4) ခုခွဲ၍ တင်ဒါအမှတ်– 27(T)/DPTSC(PTP)/ 2023–2024 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက် လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၈–၉–၂၀၂၃ရက် ၁၄:၀၀ နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web – Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံး အမှတ် (၂၇)၊ နေပြည်တော်။**
**ဖုန်း–၀၆၇– ၃၄၁၀၂၀၉၊ ၀၆၇– ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ အမှတ်(၁၈)ရပ်ကွက်၊ ကွင်းအမှတ် (၂၀၁၊ သာပေါင်း)၊ ဦးပိုင်အမှတ်(၄၇၁)၊ ဧရိယာ(၀.၀၅၅)ဧကရှိမြေအား မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၁၈)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၂၂၅)နေ ဦးထွန်းကြည် (၁၄/ဓနဖ(နိုင်)၀၈၂၄၀၈) မှ မြေငှားဂရန်အသစ်ရရှိရေးအတွက် မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်များနှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကရင်ပြည်နယ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချပြီးဖြစ်သော ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ ကြာအင်းတောင်အရောင်းအိမ်ရာ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၁၀၄) ၏ အမည်ပေါက် မူလပိုင်ရှင်ဖြစ်သူ ဒေါ်ခင်ခင်သွယ် ၃/ဘအန(နိုင်)၂၀၂၈၆၉ ထံမှ စာချုပ်စာတမ်းဖြင့် အပြီးအပိုင် ဝယ်ယူထားသူ ဦးအောင်စည်သူ ၃/ဘအန(နိုင်)၁၆၈၈၁၃၏ အမည်ဖြင့် တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် . လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသော အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ကရင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး ဘားအံမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၈–ရပ်ကွက်၊ ဓမ္မသုခလမ်း၊ အမှတ်(၆၈၉)၊ ဟုခေါ်တွင်သော(၄၀x၆၀)ပေကျယ်ဝန်းသည့် ဦးလှအုန်းအမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရှုပ်အရှင်းကင်းရှင်းစွာဖြင့် အစဉ်တစိုက်လက်ရှိထား ပိုင်ဆိုင်အကျိုးခံစားလျက် စီမံခန့်ခွဲခွင့်ရှိသူမှာ–ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်မြင့်မြင့်အေး၊ ဦးရဲမင်းသိန်း၊ ဒေါ်ညိမ်းညိမ်းအေး၊ ဦးကိုကိုလွင်၊ ဒေါ်ရင်ရင်မင်း နှင့်ဦးရဲလင်းနိုင်တို့ မိသားစုများသာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ရဲမြင့် LL.B, D.B.L, D.I.L,D.I.PL**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၅၃)**
**ဖုန်း–၀၉–၄၂၀၀၄၉၆၁၅၊ ၀၉–၇၉၅၉၇၄၉၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်း အိမ်ရာအပိုင်း(၁)၊ တိုက်အမှတ်(၆၉)၊ အမှတ် (၃၀၁)၊ တတိယထပ်၊ အကျယ်အဝန်း (စတုရန်းပေ ၆၅၀) အကျယ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏တိုက်ခန်းနှင့် အကျိုးခံစားခွင့်များ အားလုံးကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဒေါ်နီနီမြင့် (၇/ပတန(နိုင်) ၀၉၃၈၃၆)မှ ထုတ်ဖော်မြွက်ဆိုလျက်ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သက်သက်မွန် (၉/ပဥလ(နိုင်)၀၆၀၈၇၇)က အပြီးအပိုင်ဝယ်ယူရန် အရောင်းတန်ဖိုးအား ငွေပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်း အပေါ်တွင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေဖြိုး (LL.B, DBL, DML, DIPL, WIPO SWITZERLAND)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၈၀၁)**
**Prime Hill Business Square၊ အမှတ်(၆၀)၊ ၊ ရွှေတိဂုံဘုရားလမ်း၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉–၅၀၁၆၁၂၈၊ Email–hwp.associates@gmail.com**

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နေ ဦးတင်လှ၏သား ဦးအောင်ဆန်းပြည့် ၁၂/သလန(နိုင်)၁၂၅၃၆၄ ၏ နိုင်ငံကူး လက်မှတ် အမှတ်–M589606 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးအောင်ဆန်းပြည့်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/39224, Honda Wave–110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းရွှေ ၁၄/ပသန(နိုင်)၁၀၇၇၈၉ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ဘားအံမြို့နယ်၊ ကော့ထော်ကျေးရွာအုပ်စု၊ အိမ်တိုင်ကုန်းကျေးရွာနေ ဦးခင်မောင်ဝင်း၏သမီး မဖြိုးပပဝင်း ၃/ဘအန(နိုင်)၄၂၃၂၉၃၏ နိုင်ငံကူးလက်မှတ်အမှတ် MG–874195သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း–၀၉–၇၆၇၄၂၇၄၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/59662 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်အေးအောင် ၄/ဟခန(နိုင်)၀၃၇၈၈၂ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ချင်းပြည်နယ်ရုံး(ဟားခါး)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၃က)၊ ဦးပိုင်အမှတ် (၁/၁)၊ မြေဧရိယာ(၀.၁၅၄)ဧကရှိ မြေကွက်သည်မူလက ဦးရန်ကင်းအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၇၅၃/V၁၉၉၁–၁၉၉၂အရ (၃၀–၆–၂၀၂၂) ထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးရန်ကင်းနှင့်ဇနီးဒေါ်သန်းကြည်တို့(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သားသမီးများ ဖြစ်သည့် ဒေါ်မြမြဝင်း ၁/မကန(နိုင်)၀၃၇၃၉၅၊ ဦးတင်ဝင်း ၁/မကန(နိုင်)၂၇၅၅၂၉ တို့(၂)ဦးက (၁၄–၁၁–၂၀၂၂)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၅၁၂/၂၀၂၂)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး (၂၁–၁၁–၂၀၂၂)ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄၁၇/၂၀၂၂) အရ ဒေါ်သန်းသန်းစိုး ၁/မကန(နိုင်)၁၇၁၆၉၉ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်သန်းသန်းစိုးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ်ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ အမှတ် (၂) အကွက်အမှတ်(၁)၊ မြေကွက်အမှတ်(၁၄)ဟု ခေါ်တွင်သော အလျားပေ(၈၀ x အနံပေ ၁၀၀)ရှိ မြေကွက်အား စာချုပ်စာတမ်းအဆက်အစပ်ဖြင့် ဝယ်ယူ၍ ဥပဒေနှင့်အညီ လက်ဝယ်ထားရှိပိုင်ဆိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်အေးအေးသန်း (ဘ)ဦးမြင့်သူ(၁၂/မရက(နိုင်)၀၀၆၇၆၀)ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သော (၁)ဦးအောင်ငွေဦး (ဘ)ဦးခင်မောင်ငွေ (၁၂/ဥကတ(နိုင်)၁၀၅၁၂၆) (၂)ဒေါ်ခိုင်သက်စိုး (ဘ)ဦးသန်းစိုး(၁၂/အစန(နိုင်)၁၄၄၃၄၇)တို့က ဝယ်ယူမည်ဖြစ်သောကြောင့် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးရန်နိုင်** | **ဦးနေမျိုးထွဋ်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၈၄၇)** | **အထက်တန်းရှေ့နေ(စဉ်–၂၉၉၄၃)** |
| LL.B.,DBL., DIPL., DL–101(WIPO) | LL.B.,Diploma in Business Law, |

**အမှတ်(၄၀၁/၅)၊ ၁၅၄–လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၆၂၈၂၀၄၄**

## မြောက်ဥက္ကလာပမြို့နယ်၊ (၃) ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၁၇၄)နေ (ယခုနေရပ်မသိ) အဘ ဦးတင်ထွေး၏သမီး မှတ်ပုံတင်အမှတ် - ၁၂/မဂတ(နိုင်) ၀၉၇၄၉၂ ကိုင်ဆောင်သူ မထက်ထက်လှိုင်အား သတိပေးအကြောင်းကြားခြင်း

မထက်ထက်လှိုင်သည် ဦးလေးတော်စပ်သူ ဦးတင်ဌေး(၁၂/မဂတ(နိုင်) ၀၇၉၃၆၇) အမည်ပေါက် ပိုင်ဆိုင်သော (Toyota Probox 4G–1829)ကားအား တစ်လလျှင် ကျပ်(၄)သိန်းနှုန်းဖြင့် လွှန်ခဲ့သော ၂၀၂၀ခုနှစ်က အငှားချထားပေးခဲ့ပါသည်။ (၁၁–၁–၂၀၂၁)ရက်မှစ၍ ငှားရမ်းခများပေးသွင်းခြင်းမရှိသည့်အပြင် လူနှင့်ကားပါအဆက်အသွယ်မရ ပျောက်ဆုံးခဲ့ပါသည်။ ဦးတင်ဌေးသည် တုမဖြစ်နေသူအား အရေးယူတိုင်တန်းခြင်းမပြုမီနေရာအနှံ့ ကြိုးစားရှာဖွေစဉ် ပျောက်ဆုံးနေသောကားကို တာမွေမြို့နယ်ရှိလမ်းမပေါ်တွင်တွေ့ရှိသဖြင့် ပိုင်ဆိုင်သောအထောက်အထားများပြ၍ သက်သေလူကြီးများရှေ့တွင် ကားသော့တောင်းယူ၍(၁၀–၁၀–၂၀၂၂)ရက်၌ ပြန်လည်သိမ်းယူခဲ့ပါသည်။ သို့သော်ကားလက်ဝယ်ပြန်ရရှိပြီးနောက် မထက်ထက်လှိုင်ထံမှ ဝယ်ယူထားကြောင်း အဆိုရှိသူက တရားစွဲဆိုလာ၍ ယခုအခါ အမှုရင်ဆိုင်ဖြေရှင်းလျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ ဦးတင်ဌေးမှ ငှားရမ်းအသုံးပြုရန် ယုံကြည်စွာအပ်နှံခြင်းခံရသူ မထက်ထက်လှိုင်သည် ရောင်းချပိုင်ခွင့်မရှိသော ဦးတင်ဌေးပိုင်ကားအား မရိုးမဖြောင့်သောသဘောဖြင့် ဆောင်ရွက်ထားခြင်းကိစ္စကို ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ဆက်သွယ်၍ဖြေရှင်းပေးရန် တောင်းဆိုပါသည်။ ပျက်ကွက်ပါက ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ပါကြောင်း သတိပေး ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသွယ်တင်လတ်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၅၂)၊**
**တိုက်(၃၁/၆)၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁–၅၅၃၆၅၄၊ ၀၉–၅၀၈၅၄၉၉၊ ၀၅–၅၄၁၁၃၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၂၄၃၆, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင်နိုင် ၆/မအရ(နိုင်) ၁၁၃၃၇၁ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/4697, Nay Min Light Truck, Light Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမူ ၉/စကန(နိုင်)၀၅၆၀၂၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ထွန်းတော်ကြယ် ကိုယ်ပိုင်အထက်တန်းကျောင်း Grade–11(A)မှ မကြယ်စင်ချို၏ဖခင် ဦးတင်ထွန်း၏ အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးသက်ထွဋ်ထွေး ၁၄/ကပန(နိုင်)၁၂၇၆၀၂ ဖြစ်ပါကြောင်း။ **ဦးသက်ထွဋ်ထွေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ တောရကျောင်းရပ်၊ တောင်သာယာလမ်းနေ (ဘ) ဦးလှရွှေ၏သမီး ဒေါ်တင်နွယ်နှင့် ဒေါ်တင်တင်နွယ် ၆/မအရ(နိုင်) ၀၇၁၈၆၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်တင်နွယ်(ခ)ဒေါ်တင်တင်နွယ်**

## ကန့်ကွက်နိုင်ပါကြောင်း

